
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# အဋ္ဌမပုံမှန်အစည်းအဝေး
# (၁၆)ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | မန်တုံမြို့နယ်၊ မန်စပ်ကျေးရွာအလယ်တန်းကျောင်း ဆရာဆရာမများအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၆ | ပခုက္ကူတက္ကသိုလ်တွင် ဥပဒေပညာဌာန နေ့သင်တန်းဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၇ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပညာရေးဝန်ကြီးဌာနမှ ပညာရှင်အဆင့်(၃)အချို့ကို ပညာရှင်အဆင့်(၄) ရာထူးတိုးဖြေဆို ခွင့်မပြုခဲ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းမြင်သာစွာ ဖြေဆိုပေးပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၈ | မာန်အောင်မြို့နယ်၊ ကျောက်တန်းကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲအား အခြေခံပညာ အထက်တန်းကျောင်းအဖြစ်သို့လည်းကောင်း၊ ဆားချက်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း ခွဲအား အခြေခံပညာ အလယ်တန်းကျောင်းအဖြစ်သို့လည်းကောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၆ |
| ၉ | အလုံမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းအချို့တွင် ကျောင်းသားဦးရေ မပြည့်မီသော ကျောင်းများစုပေါင်းပြီး တစ်စုတစ်စည်းတည်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၈ |
| ၁၀ | မိုင်းကိုင်မြို့နယ်၊ ဟမ်းငိုင်းအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၀ |
| ၁၁ | ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း | ၂၂ |

၁၂ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း ၂၅

၁၃ ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က တင်သွင်းသည့် တစ်နေ့တခြားများပြားလာပြီး ထိတ်လန့်ဖွယ်ရာ အဆင့်သို့ရောက်ရှိနေသော သက်ငယ် မုဒိမ်းမှုကျူးလွန်သူများအား ထိရောက်စွာ ဟန့်တားနိုင်ရန် အထူးဥပဒေတစ်ရပ်အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှုပြစ်ဒဏ် အပိုင်းကို သေဒဏ်ချမှတ်သည်အထိ တိတိကျကျရေး ဆွဲပြဋ္ဌာန်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၂၆

၁၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၄၄

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး

## (၁၆) ရက်မြောက်နေ့ အစီအစဉ်

## [ ၁၈–၆–၂၀၁၈ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဒေါ်နန်းမိုး၊ မန်တုံ မဲဆန္ဒနယ်၏ **မန်တုံမြို့နယ်၊ မန်စပ်ကျေးရွာ အလယ်တန်းကျောင်း ဆရာ၊ ဆရာမများ အတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးပိုက်ကို၊ ပခုက္ကူ မဲဆန္ဒနယ်၏ **ပခုက္ကူတက္ကသိုလ်တွင် ဥပဒေပညာဌာန နေ့သင်တန်းဖွင့်လှစ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ **စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပညာရေးဝန်ကြီးဌာနမှ ပညာရှင် အဆင့် (၃) အချို့ကို ပညာရှင် အဆင့်(၄) ရာထူးတိုးဖြေဆိုခွင့် မပြုခဲ့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်း မြင်သာစွာ ဖြေဆိုပေးပါရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးတင်နု(ခ) ဦးတင်နုအောင်၊ မာန်အောင် မဲဆန္ဒနယ်၏ **မာန်အောင်မြို့နယ်၊ ကျောက်တန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအား အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့လည်းကောင်း၊ ဆားချက်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲအား အခြေခံပညာအလယ်တန်းကျောင်းအဖြစ်သို့လည်းကောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးရဲလွင်၊ အလုံ မဲဆန္ဒနယ်၏ **အလုံမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းအချို့တွင် ကျောင်းသားဦးရေ မပြည့်မီသောကျောင်းများစုပေါင်းပြီး တစ်စုတစ်စည်းတည်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိုင်းဆိုင်မိုင်း၊ မိုင်းကိုင် မဲဆန္ဒနယ်၏ **မိုင်းကိုင်မြို့နယ်၊ ဟမ်းငိုင်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အား အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည် ပေးပို့သော **"ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၉။ ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်က တင်သွင်းသည့် **“တစ်နေ့တခြား များပြားလာပြီး ထိတ်လန့်ဖွယ်ရာအဆင့်သို့ ရောက်ရှိနေသော သက်ငယ် မုဒိန်းမှု ကျူးလွန်သူများအား ထိရောက်စွာ ဟန့်တားနိုင်ရန် အထူးဥပဒေ တစ်ရပ် အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှုပြစ်ဒဏ်အပိုင်းကို သေဒဏ် ချမှတ်သည်အထိ တိတိကျကျရေးဆွဲပြဋ္ဌာန်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး၊ ဗိုလ်တထောင် မဲဆန္ဒနယ်၊

(ခ) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၊

(ဂ) ဦးကျော်ဆွေဝင်း၊ ကော့မှူး မဲဆန္ဒနယ်၊

(ဃ) ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲ မဲဆန္ဒနယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# (၁၆)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၈၀ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်
## (၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၈ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၃၈၅ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၃၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

မူကြမ်း

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၅ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၄၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၄ ရက်၊
(၂) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၄ ရက်၊
(၃) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၄ ရက်၊
(၄) ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင် ခွင့် ၄ ရက်၊
(၅) ကျောက်မဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် ခွင့် ၄ ရက်၊
(၆) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၅ ရက်၊
(၇) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၄ ရက်၊
(၈) မြောင်မဲဆန္ဒနယ်မှ ဦးဌေးငွေ ခွင့် ၂ ရက်၊
(၉) မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ အစည်းအဝေးပြီးဆုံးသည့်ထိ၊
(၁၀) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁ ရက်၊
(၁၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊
(၁၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင် ခွင့် ၁ ရက်၊
(၁၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးထွန်းမြတ်ရွှေ ခွင့် ၅ ရက်၊
(၁၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ကျော် ခွင့် ၅ ရက်၊
(၁၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမင်းဇာနည်ထွေး ခွင့် ၅ ရက်၊
(၁၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစောကျော်အောင် ခွင့် ၅ ရက်၊
(၁၇) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၁ ရက်၊
(၁၈) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၅ ရက်၊

(၁၉) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊
(၂၀) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊
(၂၁) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း ခွင့် ၁ ရက်၊
(၂၂) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊
(၂၃) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊
(၂၄) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်၊
(၂၅) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊
(၂၆) ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ခွင့် ၃ ရက်၊
(၂၇) ဖရူဆိုမဲဆန္ဒနယ်မှ ဦးပဲ့ဒူ ခွင့် ၁ ရက်၊
(၂၈) ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဦးပေါလ်ဆိုင်း အစည်းအဝေးပြီးဆုံးသည်ထိ၊
(၂၉) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် အစည်းအဝေးပြီးဆုံးသည်ထိ၊
(၃၀) ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း ခွင့် ၁ ရက်၊
(၃၁) ဆောမဲဆန္ဒနယ်မှ ဦးကျော်တင် ခွင့် ၄ ရက်၊
(၃၂) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်၊
(၃၃) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊
(၃၄) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၂ ရက်၊
(၃၅) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၃ ရက်၊
(၃၆) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၅ ရက်၊
(၃၇) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး အစည်းအဝေးပြီးဆုံးသည်ထိ၊
(၃၈) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊
(၃၉) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊
(၄၀) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော် ခွင့် ၂ ရက်နှင့်
(၄၁) ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၅ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၄၁ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၄၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့

အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

### မန်တုံမြို့နယ်၊ မန်စပ်ကျေးရွာအလယ်တန်းကျောင်း ဆရာဆရာမများအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းမိုး(မန်တုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးမင်္ဂလာပါ။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ကျွန်မအနေဖြင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်၊ မန်စပ်ကျေးရွာ အလယ်တန်းကျောင်း ဆရာဆရာမများအတွက် လိုအပ်နေတဲ့ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်နန်းမိုးက မေးမြန်းသွားမှာဖြစ်ပါတယ်။

ယခု မေးမြန်းမယ့်မေးခွန်းကို Power Point နှင့်တကွ တင်ပြခွင့်ပေးပါလို့ မေတ္တာရပ်ခံပါတယ်။ ဒါကတော့ ကျွန်မတို့မြို့နယ် မန်စပ်ကျေးရွာ အလယ်တန်းပြကျောင်းဆရာ ဆရာမတွေနေထိုင်တဲ့ အဆောက်အဦဖြစ်ပါတယ်။ ဒါ အရှေ့ကနေမြင်ရတဲ့ ပုံဖြစ်ပါတယ်။ ဒါကလည်း အရှေ့မျက်နှာစာ ပေါ့နော်။ ဒါကတော့ ဘေးဘက်ကနေမြင်ရတာဖြစ်ပါတယ်။ အဆောက်အဦရဲ့ ဘေးဘက်ကနေမြင်ရတဲ့ ပုံဖြစ်ပါတယ်။ ဒါကတော့ ခြံစည်းရိုးဖြစ်ပါတယ်။ ဒါကတော့ အဆောက်အဦရဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ ဒါကလည်း ကျွန်မတို့မြို့မှာဆိုလို့ရှိရင် Foundation ပေါ့နော်။ ဒါကတော့ ဒီအဆောက်အဦရဲ့ Foundation ဖြစ်ပါတယ်။ ဒါကတော့ ဆရာဆရာမတွေနေထိုင်တဲ့ အဆောက်အဦရဲ့ ကြမ်းပြင်ဖြစ်ပါတယ်။ ဒါကတော့ ထန်းရံကာပေါ့နော်။ ကျွန်မတို့မြို့မှာဆိုလို့ရှိရင်တော့ အုတ်တွေနဲ့လုပ်ထားတာပေါ့နော်။ ဒါကတော့ အခုလက်ရှိ ကျွန်မမြို့နယ်မှာ မြင်တွေ့နေရတဲ့ ကျောင်းဆရာမတွေအိမ်ရာကတော့ မြင်တွေ့တဲ့အတိုင်းပဲ ထန်းရံကာလေးဖြစ်ပါတယ်။ ဒါတောင်မလုံခြုံပါဘူး။ ဒါကတော့ မီးဖိုဆောင်ဖြစ်ပါတယ်။ ဆရာဆရာမတွေရဲ့ မီးဖိုဆောင်ဖြစ်ပါတယ်။ မြင်တွေ့တဲ့အတိုင်းပါပဲ။ ရွှေးကောက်ပွဲဖြစ်ဖြစ်၊ ရွာမှာကွင်းဆင်းရင်ဖြစ်ဖြစ် ဆရာဆရာမတွေနဲ့ အမြဲတမ်းအတူတူသွားပြီးမှ ဆရာဆရာမနေတဲ့ အဆောင်မှာ ကျွန်မအမြဲတမ်းသွားပြီးမှ နားနေပါတယ်။ ဒါကတော့ ဆရာဆရာမများအသုံးပြုနေတဲ့

သောက်ရေကန်ဖြစ်ပါတယ်။ ဒါကတော့ ဆရာဆရာမတွေအနေနဲ့ ဒီနေရာမှာဘဲ ပန်းကန်ဆေးကြပါတယ်။ ထမင်းချက်ဖို့အတွက်ရေကလည်း ဒီကနေပဲသုံးပါတယ်။ အဝတ်လျှော်တာကအစ၊ ရေချိုးတာကအစ ဒီရေပဲသုံးပါတယ်။ ဒါကတော့ ဆရာဆရာမများ အိပ်ခန်းဖြစ်ပါတယ်။ ဒါကတော့ သန့်စင်ခန်းသို့သွားရာလမ်းပေါ့နော်။ မြင်တွေ့တဲ့အတိုင်းပါပဲ ဒါကအင်မတန်မှ အန္တရာယ်များပါတယ်။ ဒါ့အပြင် ကျွန်မတို့ဒီဒေသမှာဆိုလို့ရှိရင် မိုးလည်းအရမ်းများပါတယ်။ အဲဒါကြောင့်မို့လို့ ဆရာဆရာမတွေအတွက် အင်မတန်မှစိုးရိမ်စရာဖြစ်ပါတယ်။ ဒါကတော့ သန့်စင်ခန်းနေရာဖြစ်ပါတယ်။ ဒီအဆောက်အဦ အရမ်းကျဉ်းကိုကျဉ်းတဲ့ အိပ်ခန်းတစ်ခန်းပဲရှိတယ်။ အပြင်ဘက်မှာကတော့ ဆရာဆရာမတွေ ခင်းကျင်းပြီးမှအိပ်လို့ရတဲ့အခန်းရှိတယ်။ ဒီအဆောက်အဦတစ်ခုလုံးမှာ ဆရာဆရာမကိုးဦးနေထိုင်ပါတယ်။ အခုဘေးမှာရှိနေတာတဲ့ဆရာကျတော့ သူက စာသင်ကျောင်းမှာပဲ ညအိပ်စောင့်ရပါတယ်။ ကျန်တဲ့ဆရာမကိုးဦးကတော့ ဒီအိမ်ရာမှာပဲ ပြည့်သိပ်ကြပ်ပြီးမှ နေရပါတယ်။ ဒီအဆောက်အဦရဲ့မြေနေရာဆိုလို့ရှိရင် ကျေးရွာကလှူဒါန်းထားတဲ့ မြေဖြစ်တယ်။ ပညာရေးကိုအပြီးအပိုင်လှူဒါန်းထားတဲ့ မြေလည်းဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ ကျေးရွာကလှူဒါန်းထားတဲ့ အဲဒီမြေနေရာမှာ တကယ်လို့ ဆရာဆရာမတွေအမှန်တကယ်လိုအပ်နေတဲ့ အဆောက်အဦကို တည်ဆောက်ပေးမယ်ဆိုလို့ရှိရင် ကျေးရွာအနေနဲ့လည်း သူတို့ လုံးဝသဘောတူညီမယ်ဖြစ်ပါတယ်ဆိုတဲ့အကြောင်းကို ကျွန်မကိုပြောကြားလာပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့ ဆရာဆရာမရဲ့ လူမှုဘဝလုံခြုံမှုကို မိခင်ဌာနဖြစ်တဲ့ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက် ပေးမည်ဖြစ်မယ်လို့ ကျွန်မမျှော်လင့်ပါတယ်။ လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာလည်း ထည့်သွင်းလျာထားဆောင်ရွက်သွားမယ်လို့ ကျွန်မ အပြည့်အဝယုံကြည့်တဲ့အတွက်ကြောင့်မို့လို့ ယခု မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနထံသို့ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူး အထူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်၊ မန်တုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုး၏ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်၊ မန်စပ်ကျေးရွာ အလယ်တန်းကျောင်း ဆရာဆရာမများအတွက် လိုအပ်နေသော ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအပေါ်မှာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီးက ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့လို့အတွက် လေးစားစွာ တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်း

တည်ဆောက်ရေး လျာထားချက်တွေဆောင်ရွက်တဲ့အခါမှာ အသစ်တည်ဆောက်ရန်လိုအပ်တဲ့ ကျောင်းများ၊ အန္တရာယ်ရှိကျောင်းဆောင်များ၊ ကျောင်းသားဦးရေအရ တိုးချဲ့ဆောက်လုပ်ဖို့အတွက် လိုအပ်တဲ့ကျောင်းတွေကို ကျွန်တော်တို့ ဦးစားပေးအဆင့်အလိုက် ရွေးချယ်ပြီးတော့ ပြုစုခဲ့ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မန်တုံမြို့နယ်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ရဲ့ ၂၀၁၈ ခုနှစ် ၆ လ ဘဏ္ဍာရေးရဲ့ ငွေလုံးငွေရင်းတည်ဆောက်ရေးမှာ အခြေခံပညာကျောင်းဆောင်တွေ တည်ဆောက်ရေး အတွက် လုပ်ငန်းခြောက်ခုကို မြို့နယ်ဦးစားပေးအစီအစဉ်နဲ့ ထည့်သွင်းလျာထားခဲ့ပါတယ်။ ဒါသည် ဧပြီလကနေပြီးတော့မှ စက်တင်ဘာလအထိ ခြောက်လရဲ့ ငွေလုံးငွေရင်းတည်ဆောက်ရေးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီခြောက်လမှာလျာထားခဲ့တဲ့ တည်ဆောက်ရေးငန်းတွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အောက်တိုဘာကနေ စက်တင်ဘာလ တစ်နှစ်ဘတ်ဂျက် ငွေလုံးငွေရင်းတည်ဆောက်ရေးမှာ ကျန်တဲ့ လုပ်ငန်းတွေရဲ့ ရာခိုင်နှုန်းတွေပြီးစီးအောင်လုပ်ဖို့လို့ ဆောင်ရွက်ဖို့လို့အတွက် ထပ်မံလျာထား ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မန်တုံမြို့နယ်၊ မန်စပ် ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် (၁၄၀ x ၂၀)ပေ သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင် တစ်ဆောင်၊ (၆၀ x ၃၀)ပေ သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင်တစ်ဆောင်၊ (၄၀ x ၂၀)ပေ သွပ်မိုး အုတ်ညှပ်တစ်ထပ်ဆောင် စုစုပေါင်း သုံးဆောင်ရှိတာကို တွေ့ရှိရပါတယ်။

ဒါကတော့ အလယ်တန်းကျောင်းရဲ့ကျောင်းဆောင် ဖြစ်ပါတယ်။ ဒါကတော့ (၁၄၀ x ၂၀)ပေ စာသင်ဆောင်ဖြစ်ပါတယ်။ ဒါကတော့ (၆၀ x ၃၀)ပေ သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင်တစ်ဆောင် ဖြစ်ပါတယ်။ ဒါကတော့ (၄၀ x ၂၀)ပေ သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မန်တုံမြို့နယ်၊ မန်စပ်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းမှာ တက်ရောက်ပညာသင်ယူနေတဲ့ ကျောင်းသားကျောင်းသူဦးရေဟာ မူလတန်းအဆင့်မှာ ၂၁၃ ဦး၊ အလယ်တန်းအဆင့်မှာ ၁၁၆ ဦး စုစုပေါင်း ၃၂၉ ဦးရှိတဲ့အတွက်ကြောင့်မို့လို့ ရှိတဲ့စာသင်ဆောင်တွေနဲ့ဆိုလို့ရှိရင် ကျွန်တော်တို့ လုံလောက်တာကို တွေ့ရှိရပါတယ်။ ဝန်ထမ်းတွေအနေနဲ့လည်း ကျောင်းအုပ်ကတစ်ဦး၊ အလယ်တန်းပြ ခြောက်ဦး၊ မူလတန်းပြလေးဦး၊ ရုံးဝန်ထမ်းကသုံးဦး စုစုပေါင်း ၁၄ ဦးရှိပြီးတော့ အဲဒီ ၁၄ ဦးထဲမှာ ရပ်ဝေးကနေလာရောက်တာဝန်ထမ်းဆောင်တဲ့သူက ၁၁ ဦးရှိပြီး ခုနစ်ဦးကတော့ ခုနက ဧရိယာ ပိုလျှံနေတဲ့ ကျောင်းဆောင်မှာ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ ဒီပုံကတော့ ဖြစ်နိုင်တာကတော့ ကျောင်းဆောင်အသစ်ရဖို့လို့အတွက် တင်ပြတုန်းကတော့ အန္တရာယ်ရှိကျောင်းဆောင်ဆိုပြီး တင်ပြတယ်။ ကျောင်းဆောင်အသစ်ရသွားတဲ့အခါကျတော့ ဒါကို မဖျက်ဘဲနဲ့ ဆရာဆရာမတွေနဲ့ ဝန်ထမ်းတွေက ဆက်နေနေတဲ့ပုံစံဖြစ်နိုင်ပါတယ်။ လေးဦးကတော့ ကျေးရွာရဲ့နေအိမ်မှာ နေထိုင်ကြတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ အိမ်ရာနဲ့သန့်စင်ခန်းတွေကလည်းပဲ မကောင်းတာကို ကျွန်တော်တို့တွေ့ရှိ ရတဲ့အတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့ ဖြည့်ဆည်းပေးသင့်တယ်ဆိုတာမှန်ပါတယ်။ သို့သော် ခြောက်လဘတ်ဂျက်မှာ လုပ်ငန်းခြောက်ခုပဲပါတဲ့အတွက် တစ်နှစ်ဘတ်ဂျက်မှာလည်း ဒီလုပ်ငန်း ခြောက်ခုကိုပဲ ပြီးစီးအောင် ကျွန်တော်တို့တစ်တွေအနေနဲ့ လျာထားဆောင်ရွက်တဲ့အခါမှာလည်းပဲ ဘတ်ဂျက်ရဲ့အစီအစဉ်ကို ကျော်လွန်နေတဲ့အတွက် ဒီခြောက်လမှာ တည်ဆောက်ရေးလုပ်ငန်း

လုပ်ရမယ့် တည်ဆောက်ရေးလုပ်ငန်းအားလုံးကို ဆောင်ရွက်ဖို့လို့အတွက်တောင် ကျွန်တော်တို့တစ်တွေအနေနဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကို မေတ္တာရပ်ခံပြီးတော့မှ ဘတ်ဂျက်ဘောင်ကျော်နေတဲ့၊ စီလင်ကျော်နေတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေကိုလည်း ခွင့်ပြုပေးနိုင်ဖို့လို့အတွက် ညှိနှိုင်းဆောင်ရွက်ပေးနေရတဲ့ အခြေအနေဖြစ်တဲ့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ လျာထားတဲ့စာရင်းထဲမှာတော့ ပါဝင်မှာမဟုတ်ပါဘူး။ သို့သော် ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းပဲ ဝန်ထမ်းတွေအနေနဲ့လည်းပဲ နေထိုင်နေရတာ အင်မတန်အခက်အခဲရှိနေတာဖြစ်တဲ့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ ပြင်ဆင်ထိန်းသိမ်းစရိတ်နဲ့ $O_4$ $O_2$ နဲ့ ပြင်ဆင်လို့ရပေးနိုင်မလားဆိုတာကို ပြန်လည်ပြီးတော့ ဒါလေးကို စိစစ်ပြီးတော့ ကျွန်တော်တို့တစ်တွေရဲ့ စီစဉ်ဆောင်ရွက်ပေးသွားပါမယ်။ အဲဒီ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ပြင်ဆင်ထိန်းသိမ်းစရိတ်နဲ့ စီစဉ်ဆောင်ရွက်ပေးပြီးတော့မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာတော့ တည်ဆောက်ရေးလုပ်ငန်းအတွက်ကိုတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက်ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပခုက္ကူတက္ကသိုလ်တွင် ဥပဒေပညာဌာန နေ့သင်တန်းဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးပိုက်ကို(ပခုက္ကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်က ပခုက္ကူမဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတာကတော့ ပခုက္ကူတက္ကသိုလ်မှာ ဥပဒေပညာရေးနေ့သင်တန်းဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပခုက္ကူတက္ကသိုလ်ဟာ မူလတုန်းကတော့ ဒေသကောလိပ်အဆင့်ဖြစ်ပါတယ်။ ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှာ ပခုက္ကူတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပြီးတော့ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ် ၁၂ ခုဖြင့် သင်ကြားခဲ့ပါတယ်။ ထိုသို့ တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့သော်လည်း ဥပဒေပညာရပ်အတွက် နေ့သင်တန်းကို ဖွင့်လှစ်နိုင်ခြင်းမရှိခဲ့ပါဘူး။ အဝေးသင်သင်တန်းများကိုသာ ဖွင့်လှစ်ခဲ့ပါတယ်။ ဒေသအတွင်းမှကျောင်းသူကျောင်းသားများဟာ ဥပဒေပညာဘာသာရပ်အတွက် နေ့သင်တန်းကို မကွေးတက္ကသိုလ်သို့ တက်ရောက်သင်ကြားနေကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျာ။ ကျွန်တော်တို့ပခုက္ကူမြို့နယ်ဟာ ဧရာဝတီမြစ် အနောက်ဘက်ကမ်းရဲ့မြို့တော်ဖြစ်ပါတယ်။ ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်၊ မတူပီ၊ ကန်ပက်လက် ယောနယ်က ဆော၊ ကျောက်ထု၊ ထီးလင်း၊ ဂန့်ဂေါ၊ ကျော၊မြို့နယ်များ ပခုက္ကူခရိုင်မှာရှိတဲ့ ရေစကြို၊ ပေါက်၊ မြိုင်၊ ပခုက္ကူ ကမ္မ၊ မြစ်ခြေမြို့များက မြို့နယ် ၁၃ မြို့နယ်ကနေပြီးတော့ ကျောင်းသူကျောင်းသားတွေက ပခုက္ကူတက္ကသိုလ်ကို လာရောက်ပညာသင်ကြားကြရပါတယ်။

ထိုမြို့နယ်များမှ ကျောင်းသားကျောင်းသူများဟာ ပခုက္ကူတက္ကသိုလ်မှာ ဥပဒေနေ့သင်တန်း ဖွင့်လှစ်နိုင်ခြင်းမရှိတဲ့အတွက် တက်ရောက်သင်ယူနိုင်ခြင်းမရှိခဲ့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ တက္ကသိုလ်အဖြစ်တိုးမြှင့်ဖွင့်လှစ်ခဲ့သည်မှာ ၁၇ နှစ်ရှိလာပါပြီ။ လက်ရှိ ဥပဒေပညာကို တက်ရောက်သင်ကြားနိုင်တဲ့ အဝေးသင်ကျောင်းသားကျောင်းသူက ၃၀၀ ကျော် ရှိပါတယ်။ ပခုက္ကူတက္ကသိုလ်အနေဖြင့် ဥပဒေပညာနေ့သင်တန်းကို စဉ်ဆက်မပြတ်အဆင်ပြေချောမွေ့စွာ ဆည်းပူးသင်ယူနိုင်သော အခြေအနေနှင့် ဖွင့်လှစ်သင်ကြားပို့ချနိုင်သည့်အခြေအနေကောင်းများလည်း ရှိနေပါတယ်။ နိုင်ငံသားတိုင်းလို သိအပ်သော ဥပဒေပညာရပ်ကို နေ့သင်တန်းတက်ခြင်းဖြင့် ပိုမိုထိရောက်နိုင်ပြီး ဝေးလံခေါင်းပါးတဲ့ဒေသက ကျောင်းသူကျောင်းသားများအတွက် ပိုမိုအဆင်ပြေချောမွေ့မယ်ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် အကျင့်စာရိတ္တ၊ စိတ်ဓာတ်ကောင်းမွန်ပြီး အရည်အသွေးများတိုးတက်လာရေးနှင့် ပညာအရည်အသွေးပြည့်ဝသော ပညာရပ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးနိုင်ရေးအတွက် အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းလာစေရေးအတွက် ဖွင့်လှစ်ရန်လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နေ့သင်တန်းဖွင့်လှစ်ရတဲ့ရည်ရွယ်ချက်ထဲမှာ နိုင်ငံတော်၏ပညာရေး ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ပါဝင်အထောက်အကူပြုရန်၊ ဥပဒေဘာသာရပ်ကို ပခုက္ကူတက္ကသိုလ်တွင် အမျိုးသားပညာရေးဥပဒေနှင့်အညီ အခြားဘာသာရပ်များနည်းတူ တန်းတူ သင်ယူနိုင်ကြစေရန်၊ ဥပဒေပညာနေ့သင်တန်းဖွင့်လှစ်ပေးခြင်းအားဖြင့် ကိုယ်ကျင့်တရားကောင်းမွန်သော၊ ဉာဏ်အမြော်အမြင်ရှိသော၊ အရည်အသွေးပြည့်ဝသော၊ ဥပဒေကိုလေးစားလိုက်နာတတ်သော၊ ဒီမိုကရေစီနိုင်ငံတော်အတွက် မျိုးဆက်သစ်ဥပဒေပညာရှင်များ စဉ်ဆက်မပြတ်မွေးထုတ်နိုင်ရန်၊ မဟာ ဥပဒေဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများ ဆက်လက်ဆည်းပူးတက်ရောက်လိုသည့် စိတ်ဓာတ်စွမ်းအား မြှင့်တင်ပေးနိုင်ရန်တို့ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ပခုက္ကူတက္ကသိုလ်မှာ ဒေသတွင်းအဆင့်မြင့်ပညာ တိုးတက်ဖွံ့ဖြိုးလာစေရန်နှင့် ဘာသာရပ်နယ်ပယ်ပေါင်းစုံကို သင်ယူနိုင်ကြစေရန်အတွက် ဥပဒေ ပညာနေ့သင်တန်းကို ဖွင့်လှစ်ပေးရန်အစီအစဉ်အား ပညာရေးလိုလားနေသော မိဘပြည်သူများက တောင်းဆိုမှုကြောင့် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကို၏ ပခုက္ကူတက္ကသိုလ်တွင် ဥပဒေပညာဌာန နေ့သင်တန်းဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဖွင့်လှစ်မည် ကိုသိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအပေါ် ဆက်လက်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲဖို့လို့အတွက် လေးစားစွာတင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့

တက္ကသိုလ်တစ်ခု ဘာသာရပ်ဆိုင်ရာသင်တန်းတစ်ခုဖွင့်လှစ်ဖို့လို့ဆိုရင် အဲ့ဒီတက္ကသိုလ်မှာရှိတဲ့ စာသင်ခန်းတွေ၊ ဆရာဆရာမ၊ သင်ထောက်ကူပစ္စည်း၊ သင်ကြားမယ့် Curriculum နဲ့ Syllabus၊ ပြီးရင် ပညာရေးအဖွဲ့(Senate)အဖွဲ့ရဲ့အစည်းအဝေးရဲ့သဘောထားမှတ်ချက်၊ ရန်ကုန်တက္ကသိုလ်နဲ့ မန္တလေးတက္ကသိုလ်တို့မှ ဦးစီးတဲ့ ဘာသာရပ်ဆိုင်ရာသင်ကြားရေးအဖွဲ့အစည်းအဝေး(Board of Studies Meeting)တို့ရဲ့ သဘောထားမှတ်ချက်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ရဲ့သဘောထား မှတ်ချက် စတဲ့အချက်များနဲ့ စိစစ်ပြီးတော့မှ ပြည့်စုံမှသာ ဆောင်ရွက်ပေးလို့ရပါတယ်။

ပခုက္ကူတက္ကသိုလ်မှာ ဥပဒေပညာဘာသာရပ်နေ့သင်တန်းဖွင့်လှစ်ရေးကိစ္စနဲ့စပ်လျဉ်းပြီး ဆရာ ဆရာမအင်အားလိုအပ်ချက်အရ အရည်အသွေးရှိသော ဘွဲ့ရလူငယ်မောင်မယ်များ ပြုစုပျိုးထောင် သင်ကြားလေ့ကျင့်ပေးနိုင်ဖို့လို့အတွက် ခက်ခဲနိုင်တဲ့အတွက် မဖွင့်လှစ်နိုင်သေးကြောင်းကို ရန်ကုန် တက္ကသိုလ်နဲ့မန္တလေးတက္ကသိုလ်တို့ကဦးစီးတဲ့ တစ်နိုင်ငံလုံးက ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူများ ပါဝင်တဲ့ ဥပဒေဘာသာရပ်ဆိုင်ရာ သင်ကြားရေးအဖွဲ့(Board of Studies) အစည်းအဝေးက ဆုံးဖြတ်ချက်ချမှတ်ထားတာကို တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဥပဒေပညာဌာနတွေမှာ တက္ကသိုလ်၊ ဒီဂရီကောလိပ်တိုင်းမှာ ဥပဒေပညာဌာနဖွင့်လှစ်နိုင်ရေးအတွက် ဆရာဆရာမအင်အားနည်းပါး နေသေးတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ပခုက္ကူတက္ကသိုလ်မှာ ဥပဒေပညာဘာသာရပ် သင်တန်းဖွင့်လှစ်ခြင်းကို ဆရာဆရာမအင်အားလိုအပ်ချက်ပြည့်မီတဲ့အချိန် ရောက်ရှိမှသာ ဘာသာရပ် ဆိုင်ရာသင်ကြားရေးအဖွဲ့(Board of Studies)ရဲ့ သဘောထားမှတ်ချက်၊ အမျိုးသားပညာရေး မူဝါဒကော်မရှင်၏ သဘောထားမှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လောလောဆယ်အခြေအနေမှာတော့ ဖွင့်လှစ်ပေးနိုင်ခြင်းမရှိသေးပါကြောင်း လေးစားစွာတင်ပြအပ် ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပညာရေးဝန်ကြီးဌာနမှ ပညာရှင်အဆင့်(၃)အချို့ကို ပညာရှင် အဆင့်(၄) ရာထူးတိုးမြှင့်ဆိုခွင့်မပြုခဲ့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းမြင်သာစွာဖြေဆိုပေးပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်က မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်ဖြစ်ပြီးတော့ Power Point သုံးစွဲခွင့်ပြုပါရန် အတွက် တင်ပြအပ်ပါတယ်။ ကျွန်တော့်ရဲ့မေးခွန်းကတော့ စစ်ကိုင်းတိုင်းအတွင်းက ပညာရှင် အဆင့် (၄) အဆင့်တိုးစာမေးပွဲဖြေဆိုခွင့်မရခဲ့တဲ့ လက်ထောက်ပညာရေးမှူး ကိုးယောက်ရဲ့ကိုယ်စား မေးမြန်း ရခြင်းဖြစ်ပါတယ်။ သူတို့ကတော့ ဗိုလ်အောင်နှင့်ဝက်လက်ကနှစ်ဦးစီ၊ ကောလင်း၊ တန့်ဆည်၊ စစ်ကိုင်း၊ ရွှေဘို၊ ကန့်ဘလူက တစ်ဦးစီ စုစုပေါင်း ကိုးဦးဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနက ၁၄-၂-၂၀၁၇ ရက်နေ့က သတင်းစာမှာ ကြော်ငြာတစ်ခုဖော်ပြထားပါတယ်။ အဲဒီကြော်ငြာမှာတော့ အလယ်တန်း ကျောင်းအုပ်ဒုတိယမြို့နယ်ပညာရေးမှူး၊ ဦးစီးအရာရှိ၊ ဦးစီးအရာရှိ(ကာယ)၊ ဦးစီးအရာရှိ(ကွန်ပျူတာ)၊

စီမံကိန်းရာထူးများအတွက် ရာထူးတူစာမေးပွဲဖြေဆိုရန် လျှောက်လွှာခေါ်ဆိုခြင်းဆိုတဲ့ ခေါင်းစဉ်ဖြစ်ပြီး အပိုဒ် ၁၀ ပိုဒ်ပါရှိပါတယ်။ အပိုဒ်(ခ)မှာကတော့ ဒုတိယမြို့နယ်ပညာရေးမှူး ရာထူးတိုးအတွက် B.Ed ဘွဲ့ရ လက်ထောက်မြို့နယ်ပညာရေးမှူးနှင့် လစာနှုန်းတူအပါအဝင် လုပ်သက် ၃ နှစ်ပြည့်သူများဆိုပြီးတော့ ဖော်ပြထားပါတယ်။ ယခုတင်ပြရတဲ့ ဆရာကိုးယောက်လုံးက အဲဒီအပိုဒ်(ခ)နှင့်ကိုက်ညီပါတယ်။ ဒါပေမဲ့ ဖြေဆိုခွင့်မရရှိခဲ့ဘူး။ ဒါကြောင့်သူတို့ဟာ ၂၀-၄-၂၀၁၇ ရက်နေ့က ပညာရေးဝန်ကြီးဆီကို အသနားခံတင်ပြခဲ့ပါတယ်။ ထူးခြားမှုမရှိခဲ့ပါဘူး။ ဆက်လက်ပြီးတော့မှ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကတစ်ဆင့် ဆက်သွယ်ပြီးတော့မှ မေးမြန်းတင်ပြရတဲ့အခါမှာ ပညာရေးဝန်ကြီးဌာနကနေပြီးတော့မှ ဖြေကြားပါတယ်။ ဖြေကြားချက်ကတော့ ၂၃-၃-၂၀၁၇ ရက်နေ့က နေပြည်တော်မှာကျင်းပတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစည်းအဝေးများကနေပြီးတော့မှ ပြန်တမ်းဝင်အရာရှိ ရာထူးတိုးစာမေးပွဲဖြေဆိုတဲ့နေရာမှာ အထက်တန်းပြရာထူးကိုသာ လစာနှုန်းတူအဖြစ်နဲ့ ထည့်သွင်းတွက်ချက်ရန်နှင့် မူလတန်းကျောင်းအုပ်ကိုတော့ လစာနှုန်းတူသော်လည်း လုပ်သက်မှာ ထည့်သွင်းတွက်ချက်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့ကြောင်းဆိုပြီးတော့မှ ဖော်ပြထားပါတယ်။

အဲဒီတော့ သတင်းစာမှာကြေညာတာက ၁၄-၂-၂၀၁၇ ဒါပေမဲ့ အဲဒါကို အစည်းအဝေးပြန်လုပ်တာက ၂၃-၃-၂၀၁၇ ဆိုတော့ ဒါပညာရေးဝန်ကြီးဌာနမှာ ဒီဟာမှားယွင်းနေတယ်ဆိုတာ ကျွန်တော်က ထောက်ပြချင်တာ ဖြစ်ပါတယ်။ ဒါဆိုရင်လည်း ၂၃-၃-၂၀၁၇ အစည်းအဝေးပြီးတဲ့အချိန်မှာ သတင်းစာမှာပါတဲ့ ကြေညာချက်ကို Amendment ထပ်လုပ်မယ်ဆိုလို့ရှိရင်လည်း ဆရာတွေက နားလည်ပါတယ်။ ဒါကိုမလုပ်ခဲ့ပါဘူး။ ဒါကြောင့်မို့လို့ အဲဒီမှားယွင်းချက်ပေါ်မှာ ဆရာတွေက ဇွဲမလျှော့ဘဲနဲ့ ပြည်သူ့လွှတ်တော်ရဲ့ ပညာရေးမြှင့်တင်မှုကော်မတီကိုလည်း ၂၇-၉-၂၀၁၇ ရက်နေ့က တင်ပြပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံဆီကိုလည်း ၁၂-၁၁-၂၀၁၇ ရက်နေ့က တင်ပြပါတယ်။ ဘာမှမထူးခြားပါဘူး။ ဒီလိုနဲ့ အဲဒီကိုယ်စားလှယ်ကိုးယောက်ထဲက နှစ်ယောက်က ကျွန်တော့်ဆီရောက်လာတယ်။ ရောက်လာပြီးတော့မှ လွှတ်တော်မှာမေးပေးပါလို့ ပြောပါတယ်။ ကျွန်တော်က ဒီမေးခွန်းကိုမေးပေးရင် ခင်ဗျားတို့ကို ဝန်ကြီးဌာနက ငြိုငြင်သွားမယ်။ အဲဒါကတော့ ခင်ဗျားတို့သဘောပဲလို့ပြောတော့။ သူတို့က ငြိုငြင်ရင်လည်း မတတ်နိုင်ဘူး။ ကျွန်တော်တို့ကတော့ မေးချင်ပါတယ်ဆိုလို့ ကျွန်တော်မေးမြန်းရခြင်းဖြစ်ပါတယ်။ အဲဒီတော့ ပညာရေးဝန်ကြီးဌာနရဲ့ လစာနှုန်းတူဆိုတဲ့ Definition ကတော့ ၂၀၁၃ တုန်းက ပြီးခဲ့တဲ့အစိုးရ ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင် ထိုင်တဲ့အစည်းအဝေးမှာတုန်းကတော့ အားလုံးအကျုံးဝင်ပါတယ်။ လစာနှုန်းတူဆို ဒီလစာရရင် အကျုံးဝင်တယ်လို့ပြောထားတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အခု ဒီဘက်ခေတ် ဒီအစိုးရကျတော့ ၂၀၁၇ မှာလုပ်တဲ့အစည်းအဝေးမှာ ကျွန်တော်နားလည်တာကတော့ DG အဆင့်က ဦးစီးပြီးလုပ်တဲ့အစည်းအဝေးက လစာနှုန်းတူဆိုပေမဲ့ မူလတန်းကျောင်းအုပ်ကို လက်မခံဘူးဆိုပြီးတော့ ပယ်လိုက်တာဖြစ်တယ်။ အဲဒီတော့ ယခင်အစိုးရတုန်းက ဒုတိယဝန်ကြီးလုပ်တဲ့ အစည်းအဝေးဆုံးဖြတ်ချက်ကို ယခုအစိုးရလက်ထက်မှာ DG လုပ်တဲ့အစိုးရဆုံးဖြတ်ချက်က Over Whelming ဖြစ်ထားတယ်။ Over Rule လုပ်ထားတယ်ဆိုတဲ့သဘောဖြစ်တော့ ဒါလည်း ကျွန်တော်တို့ ဘဝင်မတွေ့စရာ ဖြစ်ပါတယ်။ အဆိုးဆုံးတစ်ခုကို ကျွန်တော် တင်ပြပါမယ်။ အဲဒါကတော့ စစ်ကိုင်းတိုင်းက ပညာရှင်အဆင့်(၄) မဖြေလိုက်ရတဲ့လူတွေနဲ့ Criteria တူညီတဲ့ နမူနာတစ်ယောက်ပဲ

ကျွန်တော်ပြောပါမယ်။ အဲဒီတစ်ယောက်ကတော့ဖြင့် ဖြေဆိုခွင့်ရသွားတယ်။ သူက ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၄ တုန်းက ပြန်တမ်းအရဆိုလို့ရှိရင် လက်ထောက်ပညာရေးမှူးရာထူးတိုးသွားတာ။ နာမည်က ဦးဝင်းဆွေတဲ့။ သူ့ဘွဲ့က B.sc, B.Ed ဖြစ်တယ်။ အဲဒီပုဂ္ဂိုလ်က လုပ်သက်နှစ်နှစ်တည်းနဲ့ သူ့ကိုကျတော့ ဖြေခွင့်ရတယ်။ ဖြေခွင့်ရပြီး အဆင့်တိုးလဲရသွားတယ်။ အဆင့်တိုးကတော့ ၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့က အမိန့်နဲ့အဆင့်တိုးသွားတယ်။ အဲဒီတော့ ဒီလို Criteria တူတဲ့နှစ်နှစ်တည်း လုပ်သက်ရှိတဲ့လူက ဖြေခွင့်ရတယ်။ အဆင့်တိုးတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးက ကိုးယောက်က ဖြေခွင့်မရဘူးဆိုတာ အဲ့ဒါကို ကျွန်တော် လွှတ်တော်ကိုတင်ပြတာဖြစ်ပါတယ်။ ဆရာတွေဆိုတာ ဒီခေတ်မှာဆင်းရဲပါတယ်။ ပီတိကို စားပြီးအားရှိအောင်နေကြတာပါ။ အမှုထမ်းသက် ၃၀ လောက်ကာလအတောအတွင်းမှာ သူတို့စားခဲ့တဲ့ ပီတိတွေမခါးဖို့အတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့ ပညာရှင်အဆင့်(၄) စာမေးပွဲဖြေဆိုခွင့်မရတဲ့ စစ်ကိုင်းတိုင်းက ဆရာကိုးယောက်အပြင် အခြားပြည်နယ်/တိုင်းဒေသကြီးတွေမှာလည်း အလားတူကျန်ရှိနေသေးတယ်ဆိုလို့ရှိရင်တော့ ပြန်လည် Review လုပ်ပြီးတော့ စဉ်းစားသုံးသပ်ပြီး အဆင့်တိုးဖြေဆိုခွင့်ပြုဖို့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်၏ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ပညာရေးဝန်ကြီးဌာနမှ ပညာရှင်အဆင့်(၃)အချို့ ပညာရှင်အဆင့်(၄) ရာထူးတိုးဖြေဆိုခွင့် မပြုခဲ့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းမြင်သာစွာ ဖြေဆိုပေးပါရန်နှင့်စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့ လေးစားစွာတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ကို ဒီလွှတ်တော်ကိုယ်စားလှယ်ကြီးက မေးတုန်းကတော့ လွှတ်တော်ကိုယ်စားလှယ်ထံ တင်ပြလာတဲ့ တွဲဖက်လက်ထောက်မြို့နယ်ပညာရေးမှူး ငါးဦးကသာ ၃၁-၁-၂၀၁၈ ရက်စွဲနဲ့ တင်ပြထားတဲ့အတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့ ပြင်ဆင်လာတဲ့အခါမှာတော့ မေးခွန်းပါအတိုင်းပဲ ငါးဦးအတွက်ပဲ ကျွန်တော်တို့ ပြင်ဆင်လာတယ်ဆိုတာလေးကိုတော့ လေးစားစွာ တင်ပြလိုပါတယ်။ သို့သော် လွှတ်တော်ကိုယ်စားလှယ်ကြီးက အခုမှ နောက်ထပ် လေးဦးတိုးပြီး ကိုးဦးလို့ Power Point မှာပြောထားတာအတွက်တော့ ကျွန်တော်တို့တစ်တွေအနေနဲ့ အခုလောလောဆယ်ဆယ်မှာတော့ ကျန်တဲ့လေးဦးအတွက် ကျွန်တော်ပြန်လည်ရှင်းလင်းတင်ပြလို့ မရဘူးဆိုတာလေးကိုတော့ ကျွန်တော် လေးစားစွာ တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေနဲ့ ပညာရှင်အဆင့်(၃)ကနေ ပညာရှင်အဆင့်(၄) ရာထူးတိုးစာမေးပွဲဖြေဆိုခြင်းကို ၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာ ကျင်းပခဲ့ပြီး သတ်မှတ်ရေးဖြေစာမေးပွဲရမှတ်၊ နှုတ်ဖြေစာမေးပွဲရမှတ် ရရှိသူတွေအားလုံးကို အဆိုပါရာထူးသို့

မူကြမ်း

ခန့်ထားပေးခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှာ ထပ်မံကျင်းပခဲ့တဲ့ ပညာရှင်အဆင့်(၄) ရာထူးတိုးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခဲ့ကြသူများအနက် သတ်မှတ်ရရှိသူတွေကို တရားဝင် Website ကနေပြီးတော့ ဒါကြေညာပါတယ်။ သူတို့တစ်တွေဆီအထိကိုလည်း ကြေညာပါတယ်။ သူတို့တစ်တွေရဲ့ တန်းစီဇယားအလိုက် ဆန္ဒပြုဒေသအပေါ်လည်း မူတည်ပြီးတော့ ခန့်ထားနိုင်ရေးကိုလည်းပဲ စီစဉ်ဆောင်ရွက်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီပညာရေးဝန်ကြီးဌာနရဲ့ ဖွဲ့စည်းပုံအရ ပညာရေးကဏ္ဍဟာ မူလတန်းပြသည် ပညာရှင်အဆင့်(၁) ဖြစ်ပါတယ်။ အလယ်တန်းပြသည် ပညာရှင်အဆင့်(၂)နဲ့ အထက်တန်းပြသည် ပညာရှင်အဆင့်(၃)ဖြစ်ပြီးတော့ အလယ်တန်း ကျောင်းအုပ်ဟာဆိုရင် ပညာရှင်အဆင့်(၄)ဟု သတ်မှတ်ထားပါတယ်။ သင်ကြားရေးမဟုတ်တဲ့ ရုံးပိုင်းနဲ့ စီမံအုပ်ချုပ်မှုပိုင်းတွေမှာတော့ ပညာရှင်အဆင့်ဟုမသတ်မှတ်ဘဲ အဆင့်အလိုက် လစာနှုန်းအပေါ် မူတည်ပြီးတော့မှ ရာထူးတွေကို လက်ထောက်မြို့နယ်ပညာရေးမှူးရာထူးတွေဟာ အထက်တန်းပြပညာရှင်အဆင့်(၃) မူလတန်းကျောင်းအုပ်၊ အထက်တန်းပြလစာရာထူးများမှ ပညာရေးဘွဲ့ရရှိသူများကို ခန့်ထားတဲ့ ရာထူးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အရင်တုန်းကတော့ ပညာရေးဝန်ကြီးဌာနရဲ့ ဖွဲ့စည်းပုံဟာ မူလတန်းကျောင်းအုပ်တွေဟာပညာရှင်အဆင့်(၃)ဖြစ်ပါတယ်။ယခင်အငြိမ်းစားယူသွားတဲ့ ညွှန်ကြားရေးမှူးချုပ်တစ်ဦးက မူလတန်းကျောင်းအုပ် ပညာရှင်အဆင့်(၃)ကို ပညာရှင်အဆင့်(၂)ဟု ပြင်ဆင်သတ်မှတ်သွားတဲ့အတွက် ယခုဆိုရင်တော့ မူလတန်းကျောင်းအုပ်တွေဟာ ပညာရှင်အဆင့်(၂) အလယ်တန်းပြလစာနှုန်းကိုပဲ ခံစားနေရတာဖြစ်ပါတယ်။ လက်ထောက်မြို့နယ်ပညာရေးမှူးတွေကတော့ ဒါ အထက်တန်းပြပညာရှင်အဆင့်(၃)နဲ့ တူညီသော လစာတွေကိုခံစားနေတာဖြစ်တဲ့အတွက် သူတို့တစ်တွေဟာ ရာထူးတိုးအတွက်ဆိုရင်တော့ ဒုတိယမြို့နယ်ပညာရေးမှူး သို့မဟုတ် ဦးစီးအရာရှိအဆင့်ကို ရာထူးတိုးလမ်းကြောင်း Promotion Pathway အရ ဖြေဆိုခွင့်ရှိတဲ့သူတွေဖြစ်ပါတယ်။ ရုံးမှာ တာဝန်ထမ်းနေတဲ့ သူတွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ သူတို့တစ်တွေရဲ့ ရာထူးတိုးသည် ရုံးမှာပဲရာထူးတိုးဖို့လို့အတွက် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ အခြေခံပညာဦးစီးဌာနရဲ့ ပညာရှင်အဆင့်(၃)တွေကိုတော့ ခုနတုန်းက တင်ပြခဲ့တဲ့အတိုင်း ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှာ ထပ်မံကျင်းပခဲ့တဲ့ ပညာရှင်အဆင့်(၄) ဦးစီးအရာရှိနှင့်တူညီသော ရာထူးတိုးစာမေးပွဲကို ဝင်ရောက်ဖြေဆိုတဲ့ သူတွေအတွက်ကိုတော့ တန်းစီဇယားအလိုက် ခန့်ထားဆောင်ရွက်ပြီးဖြစ်ပါတယ်။

အဲဒီလိုဆောင်ရွက်တဲ့အခါမှာတော့ ဖြေဆိုခွင့်သတ်မှတ်ချက် ရာထူးတိုးမြှင့်ရန် သတ်မှတ်လမ်းကြောင်းတွေနဲ့ သတ်မှတ်ချက်တွေကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများနှင့်အညီလည်းကောင်း၊ အချို့သတ်မှတ်ချက်နှင့်ရာထူးတိုးမြှင့်ရန် လမ်းကြောင်း Promotion Pathway တွေကို ပညာရေးဝန်ကြီးဌာနရဲ့ မူဝါဒ၊ သတ်မှတ်ချက်များအရလည်းကောင်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဘက်မလိုက်ဘဲနဲ့ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာတော့ လက်ထောက်မြို့နယ်ပညာရေးမှူးများ ရာထူးတိုးစာမေးပွဲ ဖြေဆိုတဲ့အခါမှာတော့ လက်ထောက်မြို့နယ်ပညာရေးမှူးတွေဟာ ပညာရှင်အဆင့်(၃)နဲ့ တူညီသောလစာနှုန်းကို ခံစားနေတာဖြစ်တဲ့အတွက် ပညာရှင်အဆင့်(၄)ရာထူးနှင့် တူညီသောလစာနှုန်းကိုခံစားနေတဲ့ အလယ်တန်းကျောင်းအုပ်

နှင့်လစာနှုန်းတူညီတဲ့ ဦးစီးအရာရှိ ဒါမှမဟုတ်ရှိရင် ဒုတိယမြို့နယ်ပညာရေးမှူးနှင့် မြို့နယ်ခရိုင်နှင့် တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများမှ ဦးစီးအရာရှိရာထူးတွေကို ဖြေဆိုခွင့်ရရှိပါတယ်။ အဲဒီလို ဖြေဆိုနိုင်ရန်အတွက် လက်ထောက်မြို့နယ်ပညာရေးမှူးများအနေနဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့ နည်းဥပဒေအရ လက်ထောက်မြို့နယ်ပညာရေးမှူးရာထူး တစ်ဆက်တည်း သုံးနှစ်ပြည့်ပြီးဖြစ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရာထူးတိုးလျှောက်လွှာ သတင်းစာမှာ ခေါ်ယူစဉ်ကပင် လက်ထောက်မြို့နယ်ပညာရေးမှူးရာထူးတွင် သုံးနှစ်ပြည့်မှသာ ဖြေဆိုခွင့်ရှိကြောင်း သတင်းစာတွင် ကြေညာခဲ့သလို ဖြေဆိုမယ့်လူတွေနဲ့ ဒီတာဝန်ရှိသူတွေအားလုံးကိုလည်းပဲ ဒါပညာရေးဝန်ကြီးဌာနအနေနဲ့ အသိပေးအကြောင်းကြားပြီးတော့မှ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒါကတော့ ခုနကလွှတ်တော်ကိုယ်စားလှယ်ကြီးကို တင်ပြတဲ့ လက်ထောက်မြို့နယ်ပညာရေးမှူး ငါးဦးက နှစ်ဦးဖြစ်တဲ့ ဦးကျော်တင်နဲ့ ဦးမြင့်သိန်းတို့ရဲ့ ကိုယ်ရေးမှတ်တမ်းတွေဖြစ်ပါတယ်။ အဲဒီမှာ ဆိုလို့ရှိရင် သူတို့တစ်တွေသည် ခုနက အနီနဲ့ဝိုင်းထားတာအရဆိုရင် လက်ထောက်မြို့နယ်ပညာရေးမှူး ရာထူးကို ရရှိတဲ့၊ တာဝန်ထမ်းဆောင်တဲ့ ခုနှစ်သည် ဦးကျော်တင်သည် ၁-၇-၂၀၁၆ ဖြစ်တဲ့အတွက် ကြောင့်မို့လို့ ၂ နှစ်မပြည့်သေးပါဘူး။ ဦးမြင့်သိန်းသည် ၃၁-၅-၂၀၁၆ မှာမှ လက်ထောက်မြို့နယ် ပညာရေးမှူးတာဝန်ထမ်းဆောင်တာဖြစ်တဲ့အတွက် နှစ်နှစ်နဲ့တစ်လပဲ ရှိပါသေးတယ်။ ဒါကတော့ ဦးထွန်းထွန်းဦးနဲ့ ဦးသန်းဝေဖြစ်ပါတယ်။ ဦးထွန်းထွန်းဦးနဲ့ ဦးသန်းဝေသည် ၁-၆-၂၀၁၆ ရက်နေ့မှာ လက်ထောက်မြို့နယ်ပညာရေးမှူး တာဝန်ထမ်းဆောင်တာဖြစ်တဲ့အတွက် နှစ်နှစ်ပဲ ရှိပါသေးတယ်။ ဦးမောင်ဝင်းဟာဆိုလို့ရှိရင်လည်းပဲ ဒါသည် ၁-၆-၂၀၁၆ ရက်နေ့မှာမှ လက်ထောက်မြို့နယ် ပညာရေးမှူးတာဝန်ကို ထမ်းဆောင်တာဖြစ်တဲ့အတွက် နှစ်နှစ်ပဲ ရှိပါသေးတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးက မေးတုန်းကတော့ ကျွန်တော်တို့ကို ငါးဦးလို့ ပြောတဲ့အတွက် ကျွန်တော်တို့ဒါ ငါးဦးအတွက်ပဲ ကျွန်တော်တို့ ဒါပြင်ဆင်လာတာဖြစ်ပါတယ်။ ဒါသည် ပညာရေးဝန်ကြီးဌာနရဲ့ Website ဖြစ်ပါတယ်။ ဒီ Website မှာ ကျွန်တော်တို့တစ်တွေဟာ ဒီဖြေဆိုတဲ့ သူတွေရဲ့ ရေးဖြေရမှတ်၊ နှုတ်ဖြေရမှတ်တွေကို နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့ နည်းဥပဒေနဲ့အညီ ပြုစုပြီးတော့ တန်းစီဇယားတွေကို ကြီးငယ်စဉ်အရ စီစဉ်ထားတာကိုလည်းပဲ ကျွန်တော်တို့ Website မှာ တင်ပြထားပါတယ်။ Website ရဲ့ နာမည်ကတော့ [www.moe.gov.mm](http://www.moe.gov.mm) မှာ အချိန်မရွေးဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။ အဲဒီမှာ တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်တာတွေ၊ ရာထူးတိုးနဲ့ပတ်သက်တာတွေ၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်တာတွေ၊ ကျောင်းအဆင့်တိုးနှင့်ပတ်သက်တာတွေ ဒါတွေအကုန်လုံးကို ပညာရေးဝန်ကြီးဌာနရဲ့ လှုပ်ရှားမှုတွေကို တင်ပြထားပါတယ်။ ဒါသည် အခြေခံပညာဦးစီးဌာနရဲ့ ရာထူးတိုးပြောင်းတန်းစီဇယားတွေကို တင်ပြထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လက်ထောက်မြို့နယ်ပညာရေးမှူး ငါးဦးသည် သုံးနှစ်မပြည့်သေးတဲ့အတွက် ဒုတိယမြို့နယ်ပညာရေးမှူး ရာထူးတိုးစာမေးပွဲကို ဝင်ရောက်ဖြေဆိုခွင့်မရရှိခဲ့ခြင်းသာ ဖြစ်ပါတယ်။ ရာထူးတိုးမြှင့်တဲ့အစီအစဉ်တွေကိုလည်း ပညာရေးဝန်ကြီးဌာနအနေနဲ့ တစ်ဦးတစ်ယောက်ထဲရဲ့အပေါ်မှာ ကန့်သတ်ပြီးတော့ ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ခြင်းမဟုတ်ဘဲနဲ့ ဘက်မလိုက်ဘူး ပွင့်လင်းမြင်သာစွာ တန်းစီဇယားတွေကိုလည်း Website မှာတင်ပြတယ်။ ပြီးရင်ကျွန်တော်တို့ ရာထူးတိုးစာရင်းတွေကိုလည်း Website မှာ ထုတ်ပြန်

ပြီးဆောင်ရွက်နေတာဖြစ်တဲ့အတွက် လုပ်ငန်းဆောင်ရွက်ချက်အရ နစ်နာမှုရှိရင်လည်း ပြန်လည်ပြီးတော့ တင်ပြလာမယ်၊ တိုင်ကြားလာမယ်၊ အကြံပြုလာရင်လည်း စိစစ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ဥက္ကဋ္ဌကြီးအား လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဝန်ကြီးရှင်းလင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တင်ပြခဲ့သလိုပဲ ၁၄-၂-၂၀၁၇ က သတင်းစာမှာပါတာ သတင်းစာမိတ္တူ ကျွန်တော့်ဆီမှာပါပါတယ်။ ဒေါက်တာခိုင်မြဲ ညွှန်ကြားရေးမှူးချုပ် ဆိုပြီးလက်မှတ်ရေးထိုးထာတယ်။ အဲဒီအပိုဒ် ခ မှာ ဖော်ပြထားတာက ဒုတိယမြို့နယ်ပညာရေးမှူး ရာထူးတိုးအတွက် B.Ed ဘွဲ့ရ လက်ထောက်မြို့နယ်ပညာရေးမှူးနှင့် လစာနှုန်းတူအပါအဝင် လုပ်သက်သုံးနှစ်ပြည့်ပြီး လစာနှုန်းတူဆိုတာကို သူတို့ရဲ့လစာနှုန်းတူတဲ့ မူလတန်းကျောင်းအုပ်တွေပါတယ်ဆိုတာကို ဒါကို ကျွန်တော်ဆို့ဆီက ဆရာတွေက နားလည်ထားပါတယ်။ အဲဒီလိုသတင်းစာမှာ ကြေညာပြီးတော့မှ ရက် ၂၀ ကြာတဲ့အချိန်ကျတော့မှ ဒါ ၂၃-၃-၂၀၁၇ ကျတော့မှ ပညာရေးဝန်ကြီးဌာနမှာ DG ဦးစီးပြီးတော့မှ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးတွေ အစည်းအဝေးကျတော့မှ မူဝါဒပြောင်းသွားတယ်။ မူဝါဒပြောင်းသွားတယ်ဆိုတာကို သတင်းစာမှာ Amendment လုပ်လို့ရှိရင် ကျွန်တော်တို့ ပြောစရာအကြောင်းမရှိဘူး။ အဲဒါကို Amendment မလုပ်ဘဲနဲ့ တစ်ချို့ပြည်နယ်တိုင်းတွေကျတော့ ဖြေခွင့်ရတယ်။ တစ်ချို့ပြည်နယ်တိုင်းတွေကျတော့ ဖြေခွင့်မရဘူး။ ကျွန်တော်တင်ပြခဲ့သလိုပဲ ဒီဆရာတွေ ကိုးယောက်နဲ့ Criteria တူညီတဲ့ ဆရာ။ အဲဒီဆရာ Promotion ရသွားတာကို ကျွန်တော်တို့က ဝမ်းသာပါတယ်။ ဒါပေမယ့် အဲဒီဆရာနာမည် ဦးဝင်းဆွေ ကျွန်တော့်ကို Power Point ကိုးကိုထိုးပေးပါ။ Power Point ကိုး။ အဲဒီမှာ ဖော်ပြလိုက်။ အောက်ဆုံးက ဦးဝင်းဆွေ ဆိုတာကို သူက ၂၀၀၅ ခုနှစ်မှာကျတော့မှ မူလတန်းကျောင်းအုပ်ကနေ လက်ထောက်မြို့နယ် ပညာရေးမှူးဖြစ်သွားတယ်။ ၁၀ ထိုးပေးပါ။ အဲဒီတော့ ၂၀၁၇ ခုနှစ်မှာ ဖြေရတဲ့အခါကျတော့ သူလုပ်သက် နှစ်နှစ်ကျော်ပဲရှိသေးတယ်။ သူကဖြေခွင့်ရတယ်။ Promotion ရသွားတာကိုလည်း အဲဒီမှာ တစ်ခါတည်းပေးထားတယ်။ အဲဒီတော့ ကျွန်တော်ပြောတာက ဖြေခွင့်ရတဲ့သူက ဖြေခွင့်ရသွားတယ်။ မကွေးမှာ ဖြေခွင့်ရသွားတယ်။ အဲဒါဟာအောက်ခြေမှာ ကျွန်တော်တင်ပြချင်တာက မှားယွင်းမှုတွေရှိနေတယ်။ ဖြေခွင့်ရတယ်ဆိုတာကို ဒီခေတ်မှာက Transparecy အများကြီးရှိတယ်။ တစ်ယောက်နှင့်တစ်ယောက်နဲ့ကတယ်လီဖုန်းအဆက်အသွယ်တွေရှိတယ်။ Facebook တွေရှိတယ်။ အဲဒီအချိန်မှာ ဖြေခွင့်ရလို့ Promotion ရတဲ့သူတွေက ရသွားပြီးတော့မှ ကျွန်တော်တို့ ပြည်နယ်၊ ကျွန်တော်တို့ တိုင်းကစစ်ကိုင်းတိုင်းဒေသကြီးကလူတွေက ကျန်နေခဲ့တာ။ အဲဒီတော့ ဒါကို ကျွန်တော်တို့က တင်ပြတာပါ။ ဝန်ကြီးတို့အခုရှင်းပြတယ်ဆိုတာ ဝန်ကြီးဌာနတစ်ခုလုံးရဲ့ Scope ကို ဝန်ကြီးမြင်နိုင်ပါတယ်။ ကျွန်တော်တို့ကကျတော့ တကယ့် Particular လေးကို ကျွန်တော်ကြည့်တာ။ Particular ကြည့်တဲ့အချိန်မှာ ဒီလူတွေကျတော့ရသွားတယ်။ နှစ်နှစ်ကျော်နဲ့ ဖြေခွင့်ရတယ်။ Criteria Same တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က ဒါကို Complaint လုပ်တာပါ။ အဲဒီတော့ ဒီဆရာတွေကိုလည်း ကျွန်တော်က ဝန်ကြီးတို့သဘောထားကြီးကြီးနဲ့ ကျွန်တော်တို့ အမြတ်မသွန်စေချင်ပါဘူး။ အဲဒီတော့

ဒီဆရာတွေဟာ ကျွန်တော့်တို့ဆီကို လာတယ်ဆိုတာတောင်မှ တကယ့်လိုင်းကားလေးနဲ့ အင်မတန်သဲကြိုးလေးပွန်းနေတဲ့ဖိနပ်ကလေးနဲ့ လာကြတာ။ ကျွန်တော့်အိမ်မှာ လာပြီးတော့မှ သူတို့တင်ပြတယ်ဆိုတာ တင်ပြပေးစေချင်လို့။ သူတို့ရဲ့နစ်နာမှုကို သိစေချင်လို့။ ကျွန်တော်တင်ပြခဲ့သလိုပဲလေ အများကြီးလုပ်ခဲ့ပြီးပြီ။ ဘာမှ။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးတာကိုလည်း ကျွန်တော်ကျေးဇူးအထူးတင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ Power Point သည် ဒီရည်ညွှန်းတဲ့အမိန့်ကြော်ငြာစာသည် ယမန်နှစ် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့က အမိန့်ကြော်ငြာစာဖြစ်တဲ့အတွက် ယမန်နှစ်ရဲ့ ဒီရာထူးတိုးပေးတဲ့ အမိန့်ကြော်ငြာစာဖြစ်ပါတယ်။ အမိန့်ကြော်ငြာစာဖြစ်တဲ့အတွက် ယမန်နှစ်ကတော့မှန်ပါတယ်။ သူသည် လက်ထောက်မြို့နယ်ပညာရေးမှူး ရာထူးကနေပြီးတော့မှ ဒုတိယမြို့နယ်ပညာရေးမှူး ရာထူးကို ဖြေဆိုတဲ့အခါမှာသတ်မှတ်ချက်နဲ့ ကိုက်ညီတဲ့အတွက် ယမန်နှစ်က ရာထူးတိုးပေးတာဖြစ်ပါတယ်။ ယခု ၂၀၁၈ ခုနှစ်မှာ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်တဲ့အခါမှာတော့ ကျွန်တော်တို့တစ်တွေရဲ့ သတ်မှတ်ချက်သည် သတင်းစာမှာ ခေါ်တာကိုက ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲသည် ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာနက ကျွန်တော်တို့ညွှန်ကြားရေးမှူးချုပ် ဖြစ်ပါတယ်။ ကျွန်တော်တို့သတင်းစာမှာခေါ်တဲ့ ကြော်ငြာသည် ပညာရေးဝန်ကြီးဌာနအခြေခံပညာဦးစီးဌာနရဲ့ ကြေညာချက်အနေနဲ့ ခေါ်တာဖြစ်ပါတယ်။ အဲဒီကြေညာချက်မှာကတည်းက ကျွန်တော် ခုနကတင်ပြခဲ့တဲ့ အတိုင်းပဲ လက်ထောက်မြို့နယ်ပညာရေးမှူးတွေသည် တစ်ဆက်တည်း လုပ်သက် သုံးနှစ်ပြည့်မီမှသာ ဒီဟာတွေကို ဒုတိယမြို့နယ်ပညာရေးမှူး ရာထူးကို ဝင်ရောက်ဖြေဆိုခွင့်ရှိတယ်ဆိုတာကို အတိအလင်း သတင်းစာမှာကြေညာပြီးတော့မှ ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်းပဲ ခုနက Website မှာတင်ပြထားတဲ့အတွက် ကျွန်တော်တို့ကို ဒီရာထူးတိုးတာတွေ၊ ရာထူးပြောင်းတာတွေ၊ ထုတ်ပြန်တဲ့အခါမှာလည်းပဲ အချို့တွေဟာ သူနဲ့အတူတူ ရာထူးဝင်တာဖြစ်တဲ့အတွက် ဒီလူဟာလည်းပဲ သူ့ရဲ့လျှောက်လွှာမှာ ဖော်ပြတဲ့သက္ကရာဇ်တွေ ခုနတုန်းက မှားနေတယ်ဆိုလို့ရှိရင်လည်း ဒီဟာတွေကို ပြန်လည်ပြင်ဆင်ပြီးတော့ စီစဉ်ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ဦးဝင်းဆွေကတော့ ယမန်နှစ်ရဲ့အမိန့်ကြော်ငြာစာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီနှစ်ထုတ်ပြန်တဲ့၊ စဉ်းစားဆောင်ရွက်တဲ့ အစီအစဉ်တွေထဲမှာတော့ သတ်မှတ်ချက်မတူပါဘူးဆိုတာကိုတော့ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**မာန်အောင်မြို့နယ်၊ ကျောက်တန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအား အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့လည်းကောင်း၊ ဆားချက်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲအား အခြေခံပညာအလယ်တန်းကျောင်းအဖြစ်သို့လည်းကောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)တင်နုအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်နု(ခ)တင်နုအောင်(မာန်အောင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)တင်နုအောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မာန်အောင်မြို့နယ်မှာရှိတဲ့ ကျောက်တန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲကို အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့လည်းကောင်း၊ ဆားချက်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ်သို့လည်းကောင်း ယခုပညာသင်နှစ်ကျောင်းဖွင့်ရာသီအမီ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးမြန်းရခြင်းအကြောင်းကို ကျွန်တော်တင်ပြပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်တန်း အ.ထ.က(ခွဲ)ရဲ့ သမိုင်းအကျဉ်းနဲ့လက်ရှိကျောင်းအခြေအနေကို ပထမတင်ပြပါမယ်။ ကျောက်တန်း(အ.မ.က)ကို ၁၉၉၁ ခုနှစ်မှာ အ.လ.ကအဆင့်သို့ တိုးမြှင့်ခဲ့ပြီး ၂၀၀၈ ခုနှစ်မှာ ရခိုင်ပြည်နယ် ပညာရေးမှူးရဲ့ခွင့်ပြုချက်နဲ့ အ.ထ.က(ခွဲ)သို့ အဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ အ.ထ.က(ခွဲ)အဖြစ် ယခုဆိုရင် ၁၀ နှစ်ရှိပါပြီ။ ကျောက်တန်း အ.ထ.က(ခွဲ)ဟာ မြို့နဲ့ ငါးမိုင်ဝေးပါတယ်။ ပတ်ဝန်းကျင်ကျေးရွာ ၁၄ ရွာရှိပြီး အထက်တန်းကျောင်းသား ၁၂၈ ယောက်၊ အလယ်တန်းကျောင်းသား ၂၅၁ ယောက်နဲ့ မူလတန်းကျောင်းသား ၃၂ ယောက်ရှိပါတယ်။ စုစုပေါင်းကျောင်းသား ၄၁၁ ဦးရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆားချက်ကျေးရွာ အ.လ.က(ခွဲ)ရဲ့သမိုင်းအကျဉ်းနဲ့ လက်ရှိကျောင်းအခြေအနေကိုလည်း တင်ပြပါမယ်။ ဆားချက်(အ.မ.က)ကို ၁၉၉၈ ခုနှစ်မှာဖွင့်လှစ်ခဲ့ပြီး ၂၀၀၉ ခုနှစ်မှာ မူလွန်အဆင့်သတ်မှတ်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်မှာ အ.လ.က(ခွဲ)အဖြစ်သို့တိုးမြှင့်ခဲ့တာ ယနေ့အထိဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆားချက်ကျေးရွာဟာ မြို့နဲ့ ၁၇ မိုင်ဝေးပါတယ်။ ပင်မသာယာကုန်းကျေးရွာ အ.ထ.က(ခွဲ)နဲ့ ရှစ်မိုင်ဝေးပြီး တိုက်နယ်ဆေးရုံနဲ့ ရဲစခန်းရှိပါတယ်။ အိမ်ခြေ ၃၈၁ အိမ်ရှိပါတယ်။ ပတ်ဝန်းကျင်ကျေးရွာ ခြောက်ရွာက ကျောင်းသားကျောင်းသူတွေ လာရောက်ပညာသင်ကြားလျက် ရှိကြပါတယ်။ မူလတန်းကျောင်းသား ၇၈ ယောက်နဲ့ အလယ်တန်းကျောင်းသား ၉၄ ယောက် စုစုပေါင်း ၁၇၂ ယောက် ပညာသင်ကြားလျက်ရှိကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဆားချက် အ.လ.က(ခွဲ)ကို အဆင့်တိုးမြှင့်ပေးဖို့ ၂၀၁၈ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့မှ ကျွန်တော်လွှတ်တော်မှာမေးခွန်းမေးရန် တင်ထားခဲ့ပါတယ်။ ဒါပေမဲ့ မေးခွန်းမေးခွင့်မကျမီ ယခု ဇွန်လဆန်းမှာ အ.လ.ကအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့တဲ့အတွက် နယ်မြေခံလူထုတွေက ပညာရေးဝန်ကြီးဌာနကို ကျေးဇူးတင်ရှိလျက်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။

ဆားချက် အ.လ.က(ခွဲ)ကိုတော့ ယခု ဇွန်လကစပြီး အ.လ.ကအဆင့်သို့ တိုးမြှင့်ပေးပြီးပါပြီ။ ကျန်တဲ့ ကျောက်တန်း အ.ထ.က(ခွဲ)ကို အ.ထ.က အဆင့်သို့ တိုးမြှင့်ပေးဖို့ လိုအပ်နေပါသေးတယ်။ ဒါကြောင့် ကျောက်တန်း အ.ထ.က(ခွဲ)ကို အ.ထ.က အဆင့်သို့ ဒီနှစ် ၂၀၁၈ ခုနှစ်အတွင်း အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိသိလိုတဲ့အတွက် ပြည်သူများရဲ့ကိုယ်စား သက်ဆိုင်ရာသို့မေးမြန်းပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)တင်နုအောင်၏ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ် ကျောက်တန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအား အခြေခံပညာ အထက်တန်းကျောင်းအဖြစ်သို့လည်းကောင်း၊ ဆားချက်ကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းခွဲအား အခြေခံပညာအလယ်တန်းကျောင်းအဖြစ်သို့ ယခုပညာသင်နှစ်ကျောင်းဖွင့်အမီ ၂၀၁၈ ခုနှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ အခြေခံပညာကျောင်းပေါင်း ၆၃၈၆ ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလိုတိုးပေးတဲ့အခါမှာ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်မှ အခြေခံပညာမူလတန်းလွန်ကျောင်း တစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲတစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း လေးကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်းခြောက်ကျောင်းကို ကျောင်းအဆင့်တိုးမြှင့် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့ လေးစားစွာတင်ပြအပ်ပါတယ်။ မာန်အောင်၊ ကျောက်တန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှာ အထက်တန်းအဆင့်သင် ကျောင်းသားကျောင်းသူ ၁၂၈ ဦးပဲရှိပါတယ်။ အနီးဆုံးပင်မကျောင်းဖြစ်တဲ့ မာန်အောင်အခြေခံပညာ အထက်တန်းကျောင်းနဲ့ ငါးမိုင်ပဲကွာဝေးပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ သတ်မှတ်ချက်ဖြစ်တဲ့ ကျောင်းသားဦးရေ ၂၀၀ ဟာလည်းပဲ မပြည့်မီပါဘူး။ သတ်မှတ်ချက်ထက် ခရီးမိုင်အကွာအဝေးဖြစ်တဲ့ ၁၀ မိုင်နဲ့လည်း မကိုက်ညီသေးတဲ့ကျောင်းမို့လို့ ကျောက်တန်းကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းခွဲဟာ အထက်တန်းအဆင့်ပညာသင်ယူနိုင်တဲ့ အထက်တန်းကျောင်းခွဲဖြစ်တဲ့အတွက်ကြောင့် မို့လို့ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွင်းမှာ ကျောင်းအဆင့်တိုးမြှင့်ပေးဖို့အတွက် အစီအစဉ်မရှိသေး ပါကြောင်းနှင့် မာန်အောင်မြို့နယ်၊ ဆားချက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲကတော့ အလယ်တန်းကျောင်းအဖြစ်နဲ့ အဆင့်တိုးမြှင့်ဖို့အတွက် ကျောင်းသားကျောင်းသူဦးရေ ၉၄ ဦးပဲ ရှိသော်လည်းပဲ ပင်မကျောင်းဖြစ်တဲ့ သာယာကုန်း အခြေခံပညာအထက်တန်းကျောင်းခွဲနဲ့ ရှစ်မိုင်ခန့် ကွာဝေးတဲ့အတွက် ခရီးမိုင်အကွာအဝေးသတ်မှတ်ချက်နဲ့ကိုက်ညီတဲ့အတွက်ကြောင့်မို့လို့ ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပြီးပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**မူကြမ်း**

**အလုံမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းအချို့တွင် ကျောင်းသားဦးရေ မပြည့်မီသော ကျောင်းများစုပေါင်းပြီး တစ်စုတစ်စည်းတည်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲလွင်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲလွင် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ရန်ကုန် တိုင်းဒေသကြီး၊ အလုံမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းအချို့တွင် ကျောင်းသား ဦးရေမပြည့်မီသောကျောင်းများစုပေါင်းပြီး တစ်စုတစ်ဝေးတည်းဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါ ကျွန်တော်တို့အလုံမြို့နယ်မှာ အခြေခံပညာအထက်တန်းကျောင်း ခုနစ်ကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်းနဲ့ အခြေခံပညာမူလတန်းကျောင်း ခြောက်ကျောင်းရှိပါတယ်။ ဒါ မြို့နယ်မှာရှိတဲ့စာရင်းကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမှာ ကျောင်းပေါင်းအားလုံး ၁၄ ကျောင်းရှိတဲ့နေရာမှာ ကျောင်းသားဦးရေစုစုပေါင်းက ၅၇၄၉ ဦးရှိပြီးတော့ ဆရာဆရာမအင်အားပေါင်းတော့ ၂၆၈ ဦးရှိပါ တယ်။ ဒီနေရာမှာ ကျွန်တော်အဓိကတင်ပြချင်တာကတော့ အလုံ အ.ထ.က(၂)မှာဆိုလို့ရှိရင် ဆရာဆရာမအင်အားစုစုပေါင်း ၂၂ ယောက်ရှိပြီးတော့ ဒီအထက်တန်းကျောင်းမှာ ကျောင်းသား အင်အား ၄၅ ယောက်ပဲရှိပါတယ်။ နောက် အ.ထ.က(၃)မှာဆိုလို့ရှိရင် ဆရာဆရာမ စုစုပေါင်းအင်အား ၁၉ ယောက်ရှိပြီး ကျောင်းသားပေါင်း ၁၆၅ ယောက်ရှိပါတယ်။ နောက် အ.ထ.က(၅)အလုံမှာဆိုလို့ ရှိရင် ဆရာဆရာမအင်အား စုစုပေါင်း ၁၆ ယောက်ရှိပြီး ကျောင်းသားအားလုံးပေါင်းတော့ ၇၂ ယောက်ပဲရှိပါတယ်။ အ.ထ.က(၂)မှာဆိုလို့ရှိရင် မူလတန်းပြဆရာမက လေးယောက်ရှိပါတယ်။ မူလတန်းကျောင်းသားနှစ်ယောက်ပဲရှိပါတယ်။ အဲဒီတော့ ဆရာဆရာမအင်အားက ကျောင်းသားဦးရေ ထက်များနေပါတယ်။ ဆရာမက လေးယောက်၊ ကျောင်းသားက နှစ်ယောက်တည်းပါ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီ အလုံမြို့နယ်မှာရှိတဲ့ကျောင်းတွေမှာ ဆရာဆရာမအချိုးနဲ့ ကျောင်းသားအချိုးက အချို့ကျောင်းတွေမှာ တော်တော်လေးကို ကွာဟနေပါတယ်။ ဆရာဆရာမအင်အားတွေလည်း အင်မတန်မှ ပြုန်းတီးပါတယ်။ ကျောင်းသား ကျောင်းသူများကလည်း စုပေါင်းပြီး ပညာသင်ကြားရန် လိုအပ်ပါတယ်။ အချို့ကျောင်းခန်းတွေထဲမှာဆိုလို့ရှိရင် ကျောင်းသားတစ်ယောက်နှစ်ယောက်ပဲထိုင်ပြီး ကလေးတွေဟာ ပညာသင်ကြားနေရတဲ့အပိုင်းတွေလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ ကလေးများ စာသင်တဲ့နေရာမှာလည်း စိတ်ပိုင်းဆိုင်ရာတွေ ထိခိုက်မှုမရှိအောင်လို့ ဆရာဆရာမနဲ့ကျောင်းသား အချိုး မညီမျှတဲ့အကြောင်းတွေကိုစုပေါင်းပြီး တစ်စုတစ်စည်းတည်း ပေါင်းစပ်ပြီးတော့ စုပေါင်းပြီး ဖွင့်နိုင်ဖို့အတွက်ကို ဝန်ကြီးဌာနအနေနဲ့ မည်သို့စီမံဆောင်ရွက်ထားသည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်၏ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းအချို့တွင် ကျောင်းသားဦးရေမပြည့်မီသောကျောင်းများစုပေါင်းပြီး တစ်စုတစ်စည်းတည်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့ လေးစားစွာတင်ပြအပ်ပါတယ်။ အလုံမြို့နယ်အတွင်းမှာဆိုလို့ရှိရင် အခြေခံပညာအထက်တန်းကျောင်းခုနစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းတစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းခြောက်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၁၄ ကျောင်းရှိပါတယ်။ အထက်တန်းကျောင်းတွေကတော့ အ.ထ.က(၁)(၂)(၃)(၄)(၅)(၆)(၇)နဲ့ ကျွန်တော်တို့ ဒီ အလယ်တန်းကျောင်းကတော့ အ.လ.က(၂)ပြီးရင် မူလတန်းကျောင်းကတော့ အ.မ.က(၂)၊ အ.မ.က(၄)၊ အ.မ.က(၆)၊ အ.မ.က(၉)၊ အ.မ.က(၁၁)၊ အ.မ.က(၁၂)ဆိုပြီးတော့ ကျောင်းတွေရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးကို ကျေးဇူးတင်ပါတယ်။ အလုံမြို့နယ်မှာဆိုလို့ရှိရင် ကျောင်းသားကျောင်းသူဦးရေဟာဆိုလို့ရှိရင် ကျောင်းအချို့မှာ တော်တော်လေး နည်းပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြခဲ့တဲ့အတိုင်းပဲ အ.ထ.က(၁)မှာ ကျောင်းသားကျောင်းသူဦးရေဟာ ၃၂၃ ဦးပဲရှိပါတယ်။ အ.ထ.က(၂)မှာ ၄၅ ဦး၊ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့တဲ့အတိုင်းပဲ မူလတန်းအဆင့်မှာ ကျောင်းသားကျောင်းသူနှစ်ဦး ပဲ ရှိပါတယ်။ အ.ထ.က(၃)မှာ ၁၆၅ ဦး၊ အ.ထ.က(၄)မှာတော့ များပါတယ်။ အ.ထ.က(၄)ကတော့ ကျောင်းသားကျောင်းသူ တော်တော်လေးများပါတယ်။ ၂၇၇၆ ဦးဖြစ်ပါတယ်။ အ.ထ.က(၅)ကတော့ ကျောင်းသားကျောင်းသူ ၇၂ ဦး တော်တော်နည်းပါတယ်။ အ.ထ.က(၆)ကတော့ ၁၀၄၂ ဦး ဒုတိယအများဆုံးဖြစ်ပါတယ်။ အ.ထ.က(၇) ကတော့ ၇၈၃ ဦး ပညာသင်ယူလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ စာရင်းအင်း အချက်အလက်တွေအရ ကြည့်လိုက်ရင် အ.ထ.က(၂)၊ အ.အထ.က(၃)နှင့် အ.ထ.က(၅)သည် ကျောင်းသားကျောင်းသူဦးရေ တော်တော်နည်းနေပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ကလည်း ဒီအ.ထ.ကကျောင်းတွေရဲ့ Sanction ကိုရုပ်သိမ်းပြီးတော့ ရန်ကုန်တိုင်းအတွင်းမှာ လိုအပ်တဲ့ကျောင်းတွေရဲ့နေရာမှာ ဒီ Sanction တွေကို ပြန်လည် အသုံးပြုဖို့အတွက်ကို ကျွန်တော်တို့ စီစဉ်ဆောင်ရွက်သွားလိုပါတယ်။ အဲဒီလိုသတ်မှတ်လုပ်ထုံး လုပ်နည်းနှင့်အညီ Sanction တွေရုပ်သိမ်းပြီး ဆောင်ရွက်ပြီးတော့ တက်ရောက်နေတဲ့ ကျောင်းသားကျောင်းသူတွေကိုလည်း သူတို့ရဲ့ အနီးဆုံးကျောင်းတွေမှာ School Catchment Area အလိုက် အခြေခံပညာကျောင်းတွေမှာ တက်ရောက်စေရန် ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီလိုပဲ ဆရာဆရာမတွေနဲ့ သင်ကြားရေးမဟုတ်တဲ့ဝန်ထမ်းတွေကိုလည်း ဖွဲ့စည်းပုံအရ အလုံမြို့နယ်အတွင်း လစ်လပ်တဲ့နေရာတွေမှာ ဦးစားပေးပြီး ဒါမှမဟုတ်ရင်လည်း အလုံမြို့နယ်နဲ့ နီးစပ်တဲ့မြို့နယ်တွေမှာ ကျွန်တော်တို့ တာဝန်ချထားဆောင်ရွက်ပေးသွားရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ Sanction လည်းရုပ်သိမ်းပြီးတော့ ကျန်ရှိတဲ့ကျောင်းအဆောက်အဦတွေကိုလည်း ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ လိုအပ်သလို အကျိုးရှိစွာ အသုံးပြုနိုင်ရေးကိုလည်း သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမှာဖြစ်သလို ကျောင်းသားကျောင်းသူနဲ့ ဆရာဆရာမဝန်ထမ်းကိုလည်းပဲ အနီးဆုံးမြို့နယ်တွေမှာ သူ့ရဲ့သတ်မှတ်

**မူကြမ်း**

ဧရိယာအရ ကျွန်တော်တို့ ဆောင်ရွက်သွားရမှာဖြစ်တဲ့အတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့ ဒါကိုတော့ ဆက်လက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးအား လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**မိုင်းကိုင်မြို့နယ်၊ ဟမ်းငိုင်းအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဆိုင်မိုင်း(မိုင်းကိုင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မိုင်းကိုင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆိုင်မိုင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ် ဟမ်းငိုင်းကျေးရွာအုပ်စု၊ ဟမ်းငိုင်းအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သည် ဟမ်းငိုင်းကျေးရွာနေ အိမ်ထောင်စု ၁၄၀ နှင့် အနီးပတ်ဝန်းကျင်ကျေးရွာပေါင်း ၂၇ ရွာ၊ အိမ်ထောင်စု ၁၂၇၅ စုတို့မှ ကျေးလက်နေပြည်သူတို့၏သားသမီးများ တက်ရောက်ပညာသင်ကြားရန် အဓိကအားထားရသောစာသင်ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ ဟမ်းငိုင်းအခြေခံပညာအထက်တန်းကျောင်းခွဲသည် မိုင်းကိုင်အခြေခံပညာအထက်တန်းကျောင်းနှင့် ၂၇ မိုင်၊ ဒုံလော အ.ထ.က(ခွဲ)နှင့် ၂၇ မိုင်ကွာဝေးပြီး ဒေသတွင်းကျေးရွာများမှ အ.မ.ကကျောင်း ၁၀ ကျောင်းမှ ကျောင်းသားကျောင်းသူ ၅၀၀ ဦးခန့် မူလတန်းပညာရေးပြီးမြောက်ပါက ဟမ်းငိုင်း အ.လ.က(ခွဲ)သို့ ဆက်လက်တက်ရောက် ပညာသင်ကြားကြရမှာဖြစ်ပါတယ်။ ဒေသအတွင်းလမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ကျေးရွာတစ်ရွာနှင့်တစ်ရွာ အလှမ်းကွာဝေးခြင်းနှင့် ဒေသအခြေအနေအရ ဟမ်းငိုင်း အ.လ.က(ခွဲ)အား အ.လ.ကအဆင့်သို့တိုးမြှင့်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ၂၀၁၇ ခုနှစ်အတွင်းမှာ ဟမ်းငိုင်း အ.လ.က(ခွဲ)မှ စတုတ္ထတန်းနှင့် အဋ္ဌမတန်းကျောင်းသားကျောင်းသူများ မိုင်းကိုင် အ.ထ.က သို့ စာမေးပွဲဖြေဆိုရန် သွားရောက်ရာမှာ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် လမ်းခရီးမှာ ယာဉ်မတော်တဆမှုဖြစ်ပြီး ကျောင်းသားကျောင်းသူများအသက်ဆုံးရှုံးရမှုများ ဖြစ်ပေါ်ခဲ့ရပါတယ်။ အကယ်၍ ဟမ်းငိုင်း အ.လ.က (ခွဲ)အား အ.လ.ကအဖြစ် အဆင့်တိုးမြှင့်ခွင့်ပြုပေးမည်ဆိုပါက ဒေသအတွင်းကျေးရွာများမှ ကျောင်းသားကျောင်းသူများအတွက် အဆင့်ဆင့်ပညာရေးကို အလွယ်တကူတက်ရောက်သင်ယူနိုင်ခြင်း၊ ကျောင်းသားမိဘများအတွက် ပညာရေးအသုံးစရိတ်သက်သာစေခြင်း၊ ကျောင်းနေအရွယ်ကလေးများ ပညာရေးအခွင့်အလမ်းပိုမိုလက်လှမ်းမီစေပြီး ကျောင်းထွက်နှုန်းများမှာလည်း လျော့ကျလာမှာဖြစ်တဲ့အတွက် ပညာရေးဌာန၏ကျောင်းအဆင့်တိုးမြှင့်ရန် သတ်မှတ်စံချိန်စံညွှန်းများအား ဒေသအခြေအနေအရ ဖြေလျှော့မှုများပေး၍ ကျောင်းအဆင့်တိုးမြှင့်ပေးနိုင်ပါရန် လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုတာကတော့ မိုင်းကိုင်မြို့နယ်၊ ဟမ်းငိုင်းကျေးရွာအုပ်စုရှိ ဟမ်းငိုင်းအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အလယ်တန်းကျောင်းအဖြစ် စံသတ်မှတ်ချက်များအား ဖြေလျှော့၍ အဆင့်တိုးမြှင့်သတ်မှတ်ပေးနိုင်ပါရန် ဒေသခံပြည်သူလူထု၏တင်ပြတောင်းဆိုချက်အား ပညာရေးဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ မိုင်းကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဆိုင်မိုင်း၏ မိုင်းကိုင်မြို့နယ်၊ ဟမ်းငိုင်းကျေးရွာအုပ်စုရှိ ဟမ်းငိုင်းအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် စံသတ်မှတ်ချက်များ ဖြေလျှော့၍ အဆင့်တိုးမြှင့်ပေးနိုင်ပါရန် ဒေသခံပြည်သူများ၏တောင်းဆိုချက်အား ပညာရေးဝန်ကြီး ဌာနအနေဖြင့် မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့ လေးစားစွာတင်ပြအပ်ပါတယ်။ ဒါကတော့ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း စုစုပေါင်း ၆၃၈၆ ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ အဲဒီလို ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့တဲ့အခါမှာ ရှမ်းပြည်နယ်၊ မိုင်းကိုင်မြို့နယ်မှ အခြေခံပညာအလယ်တန်း ကျောင်းတစ်ကျောင်းပါဝင်ပါတယ်။ အဲဒီကျောင်းကတော့ အခုဆိုရင် ကျောင်းဆိုင်းဘုတ်တောင် ပြင်ပြီး ပါပြီ။ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကနေ ကျောင်းအဆင့်တိုးမြှင့်ရရှိတဲ့အတွက် ကျောင်း ဆိုင်းဘုတ်အသစ်နဲ့ ဆရာဆရာမနဲ့ ကျောင်းသားကျောင်းသူတွေရိုက်ထားတဲ့ဓာတ်ပုံလေး ဖြစ်ပါတယ်။ ဒါကတော့ အလယ်တန်းကျောင်း(ခွဲ)ကနေ အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ဖို့ဆိုရင် ကျောင်းသား ကျောင်းသူဦးရေ ၂၄၀ ဦးအထက် ရှိရမှာ သို့မဟုတ် ခရီးသွားလာမှုအရဆိုရင် မြေပြန့်ဆိုရင် ၃ မိုင်၊ သွားလာရေးခက်ခဲတဲ့ နေရာဆိုလို့ရှိရင် ၂ မိုင်ဆိုပြီး သတ်မှတ်ထားပါတယ်။ ကျွန်တော်တင်ပြလိုတာက တော့ မိုင်းကိုင်က ဟမ်းငိုင်းကျေးရွာအလယ်တန်းကျောင်း(ခွဲ)သည် ကျောင်းသားကျောင်းသူ ၁၀၂ ဦးပဲ ရှိတဲ့အတွက် ကျောင်းသားကျောင်းသူဦးရေသတ်မှတ်ချက် ၂၄၀ နဲ့တော့ မကိုက်ညီပါဘူး။ သို့သော် အနီးဆုံးပင်မကျောင်းဖြစ်တဲ့ မိုင်းကိုင်အခြေခံပညာအထက်တန်းကျောင်းနှင့် ခရီးမိုင်အကွာအဝေး သည် ၂၇ မိုင်ဖြစ်တဲ့အတွက် ကျောင်းသားကျောင်းသူတွေသည် ဒီကျောင်းမှာ ကျောင်းအဆင့်တိုးမယ် ဆိုရင် ပညာသင်ယူခွင့်အခွင့်အလမ်း ပိုမိုပြီးတော့အဆင်ပြေချောမွေ့မယ်ဆိုတာသည် လွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဒေသဖွံ့ဖြိုးရေးအတွက် တာဝန်ယူပြီး ကျောင်းအဆင့်တိုးမြှင့်ပေးရန် ပူးပေါင်းဆောင်ရွက်ပေးမှုနဲ့ ၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်နေ့မှာ အဲဒီကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါ ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း ခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်စန်းလင်း(အဖွဲ့ဝင်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အဖွဲ့ဝင် ဗိုလ်မှူးချုပ်ကျော်စန်းလင်း ဖြစ်ပါတယ်။ ကော်မတီ၏ တာဝန်ပေးချက်အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဆဋ္ဌမပုံမှန်အစည်းအဝေးအထိ လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခဲ့သည့်မေးခွန်းများ၊ တင်သွင်းခဲ့သည့်အဆိုများနှင့်ပတ်သက်၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များမှ ပြန်လည်ဖြေကြားချက်များအပေါ် ပြည်သူ့ လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ဆောင်ရွက်ထားရှိမှုအစီရင်ခံစာ(၂/၂၀၁၈)ကို ဖတ်ကြားသွားမှာဖြစ်ပါတယ်။

### နိဒါန်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ ပုဒ်မခွဲ(က)နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ နည်းဥပဒေ ၉၆၊ ၉၇၊ ၉၈၊ ၁၀၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ပြည်သူ့လွှတ်တော်သည် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပါသည်။ ကော်မတီသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအား လွှတ်တော်တွင်ဖြေကြားခဲ့သော မေးခွန်းများ၊ အဆိုများတွင် ကတိပြုခဲ့သော အာမခံချက်များ၊ တာဝန်ခံချက်များအပေါ်၌ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၆ အရ မည်သည့် အခြေအနေအထိ အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်သည်ကိုလည်းကောင်း၊ သတ်မှတ်ကာလ အတွင်း ဆောင်ရွက်ပြီးစီးမှုရှိ/မရှိကိုလည်းကောင်း သိရှိနိုင်ရန်အတွက် သက်ဆိုင်ရာပြည်ထောင်စု အဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့အား တွေ့ဆုံစိစစ်၍ ပြည်သူ့လွှတ်တော်သို့ တင်ပြရခြင်းဖြစ်ပါတယ်။

### ရည်ရွယ်ချက်

၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမအကြိမ်မှ ဆဋ္ဌမပုံမှန်အစည်းအဝေးအထိ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခဲ့သည့်မေးခွန်းများ၊ တင်သွင်းခဲ့သည့်အဆိုများအနက်မှ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ကတိပြုတာဝန်ယူခဲ့သည့်လုပ်ငန်းများကို မည်သို့ မည်ပုံဆောင်ရွက်ထားရှိသည်ကို ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်ပြရန်ဖြစ်ပါတယ်။

**မူကြမ်း**

## ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများ

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကို ၁၇-၁၀-၂၀၁၇ ရက်နေ့မှ ၂၄-၁၁-၂၀၁၇ ရက်နေ့အထိ (၁၆) ရက်ကျင်းပခဲ့ပြီး ကော်မတီအစည်းအဝေးကို (၁၄) ကြိမ်ပြုလုပ်ခဲ့ပါတယ်။ ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ အဆိုခုနှစ်ခုတင်သွင်းခဲ့ရာမှ အတည်ပြုအဆိုလေးခုနှင့် မှတ်တမ်းတင်အဆိုတစ်ခု၊ မှတ်တမ်းတင်စောင့်ကြည့်အဆိုနှစ်ခုရှိခဲ့ပါတယ်။ ကြယ်ပွင့်ပြမေးခွန်း ၈၈ ခုတွင် ကတိဖြစ် ခဲ့သည့်မေးခွန်းမှာ ၂၃ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၅၆၉ ခုမှာ ကတိဖြစ်ခဲ့သည်မှာ ၂၆၂ ခုရှိကြောင်း တွေ့ရပါတယ်။ ပထမပုံမှန်မှ ဆဋ္ဌမပုံမှန်အစည်းအဝေးများမှာ အတည်ပြုခဲ့သည့် အဆိုများ ကတိဖြစ်ခဲ့သည့် ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက် နေမှုအခြေအနေကို နောက်ဆက်တွဲ(ခ)ဖြင့် ဖော်ပြထားပြီးဖြစ်ပါတယ်။ DVD ချပ်နှင့်လည်း ပူးတွဲ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

၄။ လွှတ်တော်တွင် ကတိဖြစ်ခဲ့တဲ့ မေးခွန်းများနှင့်ပတ်သက်၍ ဝန်ကြီးဌာနအချို့၏ ဆောင်ရွက် ချက်၊ အားနည်းနေမှုများအပေါ် လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင်က ကော်မတီကိုတင်ပြလာခဲ့ သဖြင့် ဆွေးနွေးညှိနှိုင်းကာ လိုအပ်ပါက ဝန်ကြီးဌာနမှတာဝန်ရှိသူပုဂ္ဂိုလ်များကို ဖိတ်ကြား၍ လုပ်ငန်း များဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါ တယ်။

၅။ ထို့အပြင် ဝန်ကြီးဌာနမှ ကတိအတိုင်း မြေပြင်တွင်ဆောင်ရွက်ထားရှိမှုများ အားနည်းချို့ယွင်း နေသည်ကို လွှတ်တော်ကိုယ်စားလှယ်များမှ သိရှိသဖြင့် ကော်မတီအား ဆက်လက်စိစစ်ပေးရန် တောင်းခံလာပါကလည်း ကော်မတီအနေဖြင့် သက်ဆိုင်ရာနယ်မြေဒေသတွေကို သွားရောက်စစ်ဆေး မေးမြန်းခဲ့ကြပါတယ်။

၆။ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ၃-၃-၂၀၁၈ ရက်နေ့တွင် ကော်မတီမှ ဒေါက်တာဝင်းအောင်၊ ဦးငြိမ်းသစ်နှင့် ဦးမျိုးနိုင်တို့အား ရေဦး-ညောင်လ လမ်းဖောက်လုပ်မှုတွေကို သွားရောက်စစ်ဆေးလေ့လာခဲ့ကြပါတယ်။

၇။ ၁၇-၃-၂၀၁၈ ရက်နေ့မှာ ကော်မတီသည် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်ရှိ ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မတော်ဘောလုံးစက်ရုံသို့လည်းကောင်း၊ ဘီစကွပ်စက်ရုံ နှင့် ခေါက်ဆွဲစက်ရုံများသို့လည်းကောင်း လုပ်ငန်းများလည်ပတ်ဆောင်ရွက်နေပုံကို ကွင်းဆင်းလေ့လာ ခဲ့ကြပါတယ်။

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဆဋ္ဌမပုံမှန်အစည်းအဝေးများ မှာတင်သွင်းခဲ့တဲ့အဆိုများနှင့် ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများကို နေ့စဉ်မှတ်တမ်းတင်စိစစ်ပြီး မေးခွန်းများနှင့်ပတ်သက်၍ စိစစ်ရေးအဖွဲ့၊ အဆိုနှင့်ပတ်သက်၍ အချက်အလက်များစိစစ်ရေးအဖွဲ့နှင့် လုပ်ငန်းလက်ကျန်စိစစ်ရေးအဖွဲ့တို့ကနေပြီးတော့ ဤအစီရင်ခံစာအပေါ် သဘောတူညီကြောင်း လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားပြီးဖြစ်ပါတယ်။

**မူကြမ်း**

**သုံးသပ်ချက်**

၉။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ဝန်ထမ်းဖွဲ့စည်းပုံတောင်းခံသည့်အခါတိုင်းတွင် အဆင့်ဆင့်သောလုပ်ငန်းလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နေရသဖြင့် ဆေးရုံ၊ ဆေးခန်းများ တည်ဆောက်ပြီးစီးပြီး အချိန်ကာလအတော်အတန်ကြာမှ ဝန်ထမ်းဖွဲ့စည်းပုံချပေးနိုင်သည့်အတွက် ကတိအတိုင်း မဆောင်ရွက်သလိုမျိုး ဖြစ်နေသည်ကိုတွေ့ရှိရပါတယ်။

၁၀။ ကော်မတီမှ လွှတ်တော်အစည်းအဝေးတစ်ခုပြီးတိုင်း ဝန်ကြီးဌာနများအား ကတိပြုထားသည့် လုပ်ငန်းကိစ္စရပ်များ မည်ကဲ့သို့ဆောင်ရွက်ထားရှိသည်ကို မေးမြန်းစိစစ်ပြီးနောက် ခိုင်လုံသည့် အကြောင်းပြချက်မပေးနိုင်သော လုပ်ငန်းများနှင့်ပတ်သက်၍ လက်ရှိ မည်သို့ဆောင်ရွက်ထားရှိသည် ကို သတ်မှတ်ချိန်အတွင်း ကော်မတီသို့ပြန်လည်အကြောင်းကြားရာတွင် ကြန့်ကြာနေခြင်းများလည်း ရှိနေခဲ့ပါတယ်။ နောက်ဆက်တွဲ(ဂ)ဖြင့် ဖော်ပြထားပါတယ်။

၁၁။ ကော်မတီသို့ လကုန်ရက်တိုင်းတွင် ဝန်ကြီးဌာနများမှပေးပို့ရမည့် လုပ်ငန်းပြီးစီးကြောင်း လစဉ် အစီရင်ခံစာကို အချို့သောဝန်ကြီးဌာနများမှ ပေးပို့ရန်ပျက်ကွက်နေသည့်အတွက် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ထို့အပြင် ကော်မတီမှ သက်ဆိုင်ရာလုပ်ငန်းခွင်သို့ အမြဲမပြတ်သွားရောက်စိစစ်ရန် အမှန်တကယ်မလွယ်ကူသည့်အတွက် လုပ်ငန်းပြီးစီးနေသည့်အခြေအနေကို ဓာတ်ပုံနှင့်တကွတင်ပြရန်အချက်ကို လိုက်နာရန်ထပ်မံအသိပေး အပ်ပါတယ်။

၁၂။ ပြည်ထောင်စုဝန်ကြီးများက လွှတ်တော်တွင်ဖြေကြားရာ၌ နှစ်အလိုက် ဘဏ္ဍာငွေလျာထား တင်ပြတောင်းခံထားပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးမည်ဟု ဆိုပါက လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ကတိဖြစ်သည်ဟု လွဲမှားစွာမှတ်ယူနေကြောင်း သိရှိရပါတယ်။ ထိုသို့ ဖြေကြားပါက ကတိမဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

**အကြံပြုချက်**

၁၃။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် လက်ရှိဖွဲ့စည်းပုံဇယားတွင် ပါရှိသည့်အတိုင်း ဆောင်ရွက်နေပါက လုပ်ငန်းများကြန့်ကြာမှုများရှိနေပါသဖြင့် ယခုထက်ပိုမိုထိရောက်သော နည်းလမ်းကို ပြန်လည်သုံးသပ်ပေးသင့်ပါကြောင်း အကြံပြုအပ်ပါတယ်။

၁၄။ ဝန်ကြီးဌာနများမှ လွှတ်တော်တွင် မေးခွန်းများကိုဖြေကြားရာ၌ ကတိအဖြစ် သတ်မှတ်လုပ်ဆောင် ပေးမည့်လုပ်ငန်းကိစ္စရပ်များကို ဆောင်ရွက်ပေးမည့်ဘဏ္ဍာနှစ်၊ ဘတ်ဂျက်နှစ်အလိုက်ကို တိကျစွာ သတ်မှတ်၍ ဖြေကြားပေးရန် အကြံပြုအပ်ပါတယ်။ သို့မှသာ လွှတ်တော်ကိုယ်စားလှယ်များ တစ်ဆက်တစ်စပ်တည်းမေးခွန်းမေးစရာမလိုတော့သဖြင့် အချိန်ကုန်သက်သာစေပါတယ်။

၁၅။ ပုံမှန်အစည်းအဝေးများတွင် ဝန်ကြီးဌာနအလိုက် ကတိဖြစ်ခဲ့သောကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်း၊ အတည်ပြုအဆိုများနှင့်ပတ်သက်၍ ကတိဖြစ်ခဲ့သည့်အတိုင်း သက်ဆိုင်ရာ

ဘဏ္ဍာနှစ်အလိုက် ဦးစားပေးထည့်သွင်း၍ လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ပါရန် ထပ်မံအကြံပြုအပ်ပါတယ်။

၁၆။ လွှတ်တော်ကိုယ်စားလှယ်များမှ မေးခွန်းများမေးမြန်းရာတွင် လိုအပ်ချက်ဖြစ်သည့် ကိစ္စရပ်တစ်ခုကိုသာ အဓိကထား၍ လိုရင်းတိုရှင်းမေးမြန်းသင့်ကြောင်း ထပ်မံအကြံပြုအပ်ပါတယ်။

**နိဂုံး**

၁၇။ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၉၆၊ ၉၈ တို့အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ကတိပြုထာဝန်ခံခဲ့သော လုပ်ငန်းကိစ္စအသီးသီးကို စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ ၁၀၀ အရ ဤအစီရင်ခံစာ (၂/၂၀၁၈)ကို လွှတ်တော်သို့တင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၁၉-၆-၂၀၁၈ ရက် (အင်္ဂါနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ၁၁-၆-၂၀၁၈ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၁၅ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊၁၁း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၅ မိနစ်ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က တင်သွင်းသည့် တစ်နေ့တခြားများပြားလာပြီး ထိတ်လန့်ဖွယ်ရာအဆင့်သို့ရောက်ရှိနေသော သက်ငယ်မုဒိမ်းမှုကျူးလွန်သူများအား ထိရောက်စွာ ဟန့်တားနိုင်ရန် အထူးဥပဒေတစ်ရပ်အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှုပြစ်ဒဏ်အပိုင်းကို သေဒဏ်ချမှတ်သည်အထိ တိတိကျကျရေးဆွဲပြဋ္ဌာန်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့(၁-၆-၂၀၁၈ ရက်နေ့)တွင် တင်သွင်းသွားတဲ့ တစ်နေ့တခြားများပြားလာပြီး ထိတ်လန့်ဖွယ်ရာအဆင့်သို့ရောက်ရှိနေသော သက်ငယ်မုဒိမ်းမှုကျူးလွန်သူများအား ထိရောက်စွာ ဟန့်တားနိုင်ရန် အထူးဥပဒေတစ်ရပ်အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှုပြစ်ဒဏ်အပိုင်းကို သေဒဏ်ချမှတ်သည်အထိ တိတိကျကျရေးဆွဲပြဋ္ဌာန်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ်လေးဦး ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး(ဗိုလ်တထောင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၏အဆိုနှင့်စပ်လျဉ်းပြီး အကြံပြုဆွေးနွေးသွားမယ့် ဗိုလ်တထောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး ဖြစ်ပါတယ်ရှင်။ အဆိုရှင်တင်ပြသည့်အတိုင်း

တစ်နေ့တခြားများပြားလာသည့် ထိတ်လန့်ဖွယ်ရာအဆင့်သို့ရောက်ရှိနေသော သက်ငယ်မုဒိမ်းကျူးလွန်နေသူကို ထိရောက်ဟန့်တားနိုင်ရန် အထူးဥပဒေတစ်ရပ်ရေးဆွဲနိုင်ရန်ဟူသောအဆိုအပေါ် ကျွန်မအနေဖြင့် ဝေဖန်အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ထိုကိစ္စရပ်သည် အရေးတကြီးလုပ်ဆောင်ရမည့်ကိစ္စရပ်ဖြစ်ပြီး ယခုကဲ့သို့အကြမ်းဖက်မှုဖြစ်စဉ်များကို တရားဥပဒေရဲ့အကာအကွယ်ကိုရယူပြီး မှန်ကန်တဲ့နည်းလမ်းဖြင့် ချဉ်းကပ်လာကြတဲ့ ပြည်သူများကိုလည်း ကြိုဆိုရမှာဖြစ်ပါတယ်။ နေ့စဉ် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရာဇဝတ်မှုအမျိုးမျိုးကိုကြုံတွေ့နေရပြီး တချို့နိုင်ငံတွေမှာ ရာဇဝတ်မှုကျူးလွန်တယ်ဆိုတဲ့ပြစ်ချက်တွေနဲ့ သေဒဏ်ပေးပြီး တချို့နိုင်ငံတွေမှာ မူးယစ်ဆေးဝါးနှင့်ပတ်သက်တဲ့ ရာဇဝတ်မှုကျူးလွန်သူကို သေဒဏ်ပေးခြင်း၊ တချို့နိုင်ငံတွေမှာ အကြမ်းဖက်မှု၊ လူသတ်မှုစတဲ့ ရာဇဝတ်မှုတွေနဲ့ သေဒဏ်ပေးလျက်ရှိပါတယ်။ တချို့နိုင်ငံတွေမှာ ရာဇဝတ်မှုလိုတောင် သတ်မှတ်လို့မရတဲ့ ကျူးလွန်မှုတွေနဲ့ ပြစ်ချက်တွေနဲ့သေဒဏ်ပေးနေတာတွေလည်း တွေ့ရှိရပါတယ်။ အချို့သောပြစ်မှုများမှာ အငြင်းပွားဖွယ်၊ သံသယရှိဖွယ်ဖြစ်တဲ့၊ တရားမျှတမှုမရှိတဲ့ တရားစီရင်ရေးတွေနဲ့ စီရင်ချက်ချမှတ်ခြင်းခံရတာတွေကြောင့် သေဒဏ်ချမှတ်သူတွေလည်း ရှိပါတယ်။ ဒါတွေဟာ နိုင်ငံတကာဥပဒေ၊ စံချိန်စံညွှန်းတွေ၊ လုပ်ထုံးလုပ်နည်းတွေကို သွေဖည်ချိုးဖောက်နေတာလည်း ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်ကတည်းက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတို့သည် ကုလသမဂ္ဂအဖွဲ့နှင့်ပူးပေါင်း၍ လူ့အခွင့်အရေးနှင့် အခြေခံအခွင့်အရေးများကို ကမ္ဘာတစ်ဝန်းလုံးက ပိုမိုမြင့်တင်လေးစားလိုက်နာကျင့်သုံးဆောင်ရွက်မည်ဟု ကတိပြုပြီးဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် သေဒဏ်ဖျက်သိမ်းရေးဆိုင်ရာတိကျတဲ့အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များကို သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး သေဒဏ်ပေးခြင်းဟာ ထိုက်သောရာဇဝတ်မှုတွေလည်း မရှိဟု ခွင်းချက်မရှိလက်ခံကျင့်သုံးလျက်ရှိပါတယ်။ သေဒဏ်ပေးခြင်းနည်းလမ်းကို သုံးခြင်းဖြင့် ရာဇဝတ်မှုကျူးလွန်သူများ လျော့နည်းသွားပြီး သက်သေထွက်ရှိချက်များလည်း လုံးဝမတွေ့ရပါ။ ကြီးမားသောအားနည်းချက်ကတော့ ပြစ်မှုကျူးလွန်သူကို ပြုပြင်ထိန်းသိမ်းခွင့်လုံးဝမရရှိတော့တာဘဲဖြစ်ပါတယ်။ တစ်သက်တစ်ကျွန်း၊ လွတ်ငြိမ်းချမ်းသာခွင့်မပေးသောနိုင်ငံနှင့် သေဒဏ်ပေးသောနိုင်ငံများ နှိုင်းယှဉ်ပါက အမှန်တကယ်သုတေသနတွေ့ရှိချက်များအရ သေဒဏ်ကျင့်သုံးသောနိုင်ငံများမှာ ရာဇဝတ်မှုပိုမိုများပြားနေတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ သေဒဏ်ပေးခြင်းနည်းလမ်းကိုသုံးခြင်းဖြင့် ရာဇဝတ်ကျူးလွန်သူများကို ရပ်တန့်စေနိုင်တာမဟုတ်ပါဘူး။ သေဒဏ်သည် ရာဇဝတ်မှုလျော့နည်းကျဆင်းရေးအတွက် အဓိကအဖြေလည်း မဟုတ်ပါဘူး။ သေဒဏ်ပေးခြင်းဖြင့် ရာဇဝတ်မှုကျူးလွန်သူများ အားနည်းသွားတယ်၊ ရပ်တန့်သွားတယ်ဆိုတာကလည်း ဘယ်နိုင်ငံမှာမှ မတွေ့ရပါဘူး။ အခုဆိုလျှင် မြန်မာနိုင်ငံမှာ အမျိုးသမီးများအကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေကြမ်းရေးဆွဲပြီး လွှတ်တော်ကို မကြာမီရောက်ရှိလာမှာ ဖြစ်ပါတယ်။ ကလေးသူငယ်ဖြစ်စေ၊ မသန်စွမ်းသူဖြစ်စေ မုဒိမ်းမှုကျူးလွန်သူကို ထောင်ဒဏ်နှစ် ၂၀ မှ တစ်သက်တစ်ကျွန်း၊ လွတ်ငြိမ်းချမ်းသာခွင့်မရှိ ချမှတ်ဖို့

လည်း ပါရှိနေတာဖြစ်ပါတယ်။ အမျိုးသမီးငယ်များနှင့် ကလေးသူငယ်များ အကြမ်းဖက်မှုကို ကိုင်တွယ်ဖြေရှင်းရန် လိုလားကြသောစိန်ခေါ်မှုများသာ ရှိပါတယ်။ အမျိုးသမီးများကို အကြမ်းဖက်မှုမှ ကာကွယ်ရန် သက်ဆိုင်ရာဌာနအသီးသီးရှိ ဌာနပေါင်းစုံမှ ပူးပေါင်းကူညီဆောင်ရွက်ရန်လည်း လိုအပ် လှပါတယ်။ အချက်အလက်လိုအပ်ခြင်း၊ ပြစ်မှုနှင့်ဆက်စပ်သည့်ပတ်သက်သော ဆိုးရွားသော အခြေအနေများ၊ ထိရောက်မှုမရှိသောဥပဒေများ၊ ရှေးရိုးစွဲအစဉ်အလာများ၊ စိတ်သဘောခံယူချက်များ၊ လူ့အခွင့်အရေး အလေးအထားသည့်မူဝါဒချမှတ်ခြင်းနှင့် မူဝါဒဖော်ဆောင်ခြင်းတွေဟာလည်း အင်မတန်အားနည်းလျက်ရှိတာကို တွေ့ရှိနေရပါတယ်။ ရဲတပ်ဖွဲ့ဝင်အနေနဲ့လည်း အကြမ်းဖက်မှုကို ထိရောက်ကာကွယ်ရန် ကူညီပံ့ပိုးခြင်းဆိုတဲ့ကိစ္စကို စကားလုံးနှင့်မဟုတ်၊ အပြောနှင့်မဟုတ်ဘဲ လက်တွေ့ထိထိရောက်ရောက် ကူညီပံ့ပိုးပေးရန်လည်း လိုအပ်ပါတယ်။ တရားဥပဒေဆိုင်ရာအသိပေး ခြင်း၊ အမျိုးသမီးများ၏ တရားဥပဒေဆိုင်ရာလက်လှမ်းမီရေးတို့ကိုလည်း အထူးကူညီပေးရန် လိုအပ် လှပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် ၃ တွင် လူတိုင်းတွင် အသက်ရှင်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှုရရှိသည့်အခွင့်အရေး ပြဋ္ဌာန်းထားပါ တယ်။ ထိုပြဋ္ဌာန်းချက်အပေါ်အခြေပြု၍ သေဒဏ်ပယ်ဖျက်ရေးကို ကုလသမဂ္ဂနိုင်ငံများအား ဖောင်းပေးတိုက်တွန်းလျက်ရှိတာလည်း တွေ့ရှိရပါတယ်။ သေဒဏ်နှင့်စပ်လျဉ်း၍ ယေဘုယျအားဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သေဒဏ်ချမှတ်သောနိုင်ငံ၊ သေဒဏ်မဖျက်သိမ်းသည့်နိုင်ငံ၊ သေဒဏ်ကို လက်တွေ့ကျင့်သုံးခြင်းမရှိသည့်နိုင်ငံဟူ၍ အမျိုးအစားခွဲခြားထားရာ မြန်မာနိုင်ငံသည် သေဒဏ် ချမှတ်ခြင်းရှိသော်လည်း လက်တွေ့အကောင်အထည်ဖော်အတည်ပြုဆောင်ရွက်ခြင်းမရှိသည့်အတွက် မြန်မာနိုင်ငံကို သေဒဏ်လက်တွေ့ကျင့်သုံးခြင်းရပ်ဆိုင်းသည့်နိုင်ငံအဖြစ် ကမ္ဘာ့ကုလသမဂ္ဂမှ သတ်မှတ်ထားပါသည်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံမှာ မခိုင်မာသေးသော၊ ပုံစံ ပျက်ယွင်းလျက်ရှိသော တရားဥပဒေစီရင်ရေးရဲ့အကြားမှာ သေဒဏ်ဆိုတဲ့ပြစ်ဒဏ်ကြောင့် သားကောင်ဖြစ်သွားမည့်သူတွေအများအပြားရှိနေတာကြောင့် သက်သေတွေ့ရှိချက်တွေက ဖော်ပြ နေပါတယ်။ တရားစီရင်ရေး၏အားနည်းချက်များ၊ ညှင်းပန်းနှိပ်စက်ကာ ဖြောင့်ချက်ယူခြင်း၊ အတင်း အဓမ္မစေခိုင်းခြင်း၊ စွပ်စွဲခံရသူအနေဖြင့် လုံလောက်သော ခုခံချေပခွင့်မရှိခြင်း၊ တရားရေးဝန်ထမ်းများ ၏အဂတိလိုက်စားခြင်းတို့ကြောင့် မလျော်ကန်လွဲမှားစွာ အသုံးချမှုတွေကို အခိုင်အမာ ယနေ့ထိ တွေ့ရှိနေရဆဲဖြစ်ပါတယ်ရှင်။ ဒါကြောင့် အဆိုရှင်အနေဖြင့် မြန်မာနိုင်ငံဒီမိုကရေစီစနစ်ကို တည်ဆောင်ဆဲကာလ သက်တမ်းနုနိုင်ငံတွေမှာ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအဆောက် အဦနှင့် တရားရေးစနစ်ခိုင်မာအားကောင်းအောင် ကြိုးစားနေဆဲနိုင်ငံတွေမှာ သေဒဏ်ချမှတ်ခြင်း ဆိုတဲ့အခွင့်အရေးကို လိုက်နာမှုမရှိဘဲ သေဒဏ်မျိုးကို ပြဋ္ဌာန်းအဆိုပြုခြင်းဟာ ကျွန်မတို့လျှောက်လှမ်း နေတဲ့ ဒီမိုကရေစီစံနှုန်းနဲ့ ယနေ့ကမ္ဘာမှာ သေဒဏ်ချမှတ်ကျင့်သုံးဆဲဖြစ်တဲ့နိုင်ငံတွေကိုကြည့်လျှင် အစွန်းရောက်လူ့အခွင့်အရေးချိုးဖောက်ပြီး မငြိမ်းချမ်းတဲ့နိုင်ငံအများစုကို တွေ့နေရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အကြမ်းဖက်မှုကို အကြမ်းဖက်မှုနှင့်ပြန်လည်တုံ့ပြန်ခြင်းဖြစ်တဲ့အတွက် အကြမ်းဖက်မှု

သံသရာကလည်း အဆုံးသတ်ဖို့က အင်မတန်ခဲယဉ်းလှပါတယ်လို့ ကျွန်မတွေ့ရှိရတဲ့အတွက် အကြံပြု ဆွေးနွေးလိုက်ရတာပဲ ဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဖြစ်ပါ တယ်။ ၁-၆-၂၀၁၈ ရက်နေ့က ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်မှ တင်သွင်းခဲ့တဲ့အဆိုကို အကြံပြုချက်များနှင့် ထောက်ခံဆွေးနွေးပြီး ဥပဒေပိုင်းအပေါ်မှာ အဓိကအကြံပြုသွားမှာ ဖြစ်ပါတယ်။ သက်ငယ်မုဒိမ်းဖြစ်တယ်ဆိုတာ ကျွန်မတို့မြန်မာနိုင်ငံရဲ့လူ့အဖွဲ့အစည်းမှာ လူမဆန်တဲ့လုပ်ရပ်သာ ဖြစ်တဲ့အတွက်ကြောင့် ဥပဒေနှင့်အသက်မွေးဝမ်းကျောင်းပြုခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အနေနဲ့ ကျွန်မဒီအဆိုမှာဆွေးနွေးရခြင်း ဖြစ်ပါတယ်။ ယနေ့ မြန်မာနိုင်ငံရဲ့ဥပဒေအများစုဟာ လွန်ခဲ့ သော နှစ်ပေါင်း ၁၅၀ ကျော်ဖြစ်တဲ့ အင်္ဂလိပ်ကိုလိုနီခေတ်ကတည်းက ပြဋ္ဌာန်းကျင့်သုံးလာတာဖြစ်ပါ တယ်။ ရာဇသတ်ကြီးကို ပြင်ဆင်မှုများပြုလုပ်ပြဋ္ဌာန်းခဲ့ရာ ၁၉၇၄ ခုနှစ်အထိ ပြင်ဆင်ပြီးနောက် ၂၀၁၂ ခုနှစ်တွင် ဥပဒေကို ပြင်ဆင်၍လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ပုဒ်မ ၃၇၅ မုဒိမ်းမှု ပဥ္စမတွင် မူလက ၁၄ နှစ်အောက်ဆိုသည်ကို ၁၆ နှစ်အောက်ဟု ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ မုဒိမ်းမှုအတွက် ကျင့်သုံးတဲ့ဥပဒေဟာ လည်း ရာဇသတ်ကြီးပင်မဥပဒေထဲမှာဖြစ်ပြီး ပုဒ်မ ၃၇၅ မုဒိမ်းမှုသတ်မှတ်ချက်မှာ အင်္ဂါငါးချက်ဟု သတ်မှတ်ထားပြီး ပုဒ်မ ၃၇၆ မှာ ပြစ်ဒဏ်တွေကို ပြဋ္ဌာန်းထားရှိရာ တစ်သက်တစ်ကျွန်းပြစ်ဒဏ်ကို ဖြစ်စေ၊ ၁၀ နှစ်အထိထောင်ဒဏ်တစ်မျိုးမျိုးကိုဖြစ်စေ၊ ငွေဒဏ်လည်းချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါ တယ်။ အဆိုပါဥပဒေဖြင့် ကျင့်သုံးနေသည်ဆိုသော်လည်း ၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ သက်ငယ် မုဒိမ်းမှုနှစ်ဆကျော်အထိတိုးမြင့်လာပြီး ၂၀၁၇ ခုနှစ်တွင် အမှု ၁၀၀ ခန့် ထပ်မံများပြားလာတာကို တွေ့ရှိနိုင်ပါတယ်။ ပြစ်မှုဖြစ်ပွားနှုန်းမှာလည်း ယခု ၂၀၁၈ ခုနှစ်တိုင်အောင် တစ်ရိပ်ရိပ်မြင့်တက်နေ တာကို တွေ့ရှိနိုင်ပါတယ်။ ၂၅-၅-၂၀၁၈ ရက်နေ့က ပြည်သူ့လွှတ်တော်မေးခွန်းဖြေကြားချက်၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးမှ ကလေးသူငယ်များအပေါ် မုဒိမ်းမှုကျူးလွန်သူ တရားခံများကို ဥပဒေအရခွင့်ပြုသည့်အတိုင်း ကြီးလေးသည့်အမြင့်ဆုံးပြစ်ဒဏ်ချမှတ်ခြင်းဖြင့် ယင်းပြစ်မှုများ ဖြစ်ပွားမှုလျော့နည်းပပျောက်သွားမည်ဖြစ်ကြောင်း ပါဝင်သည့်ဖြစ်ရာ ပြစ်ဒဏ်၏ အရေးကြီးမှုအပိုင်းကိုလည်း တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့် အရေးများဆိုင်ရာကုလသမဂ္ဂညီလာခံသဘောတူစာချုပ်(CRC) လက်မှတ်ထိုးထားတဲ့နိုင်ငံဖြစ်ရာ ထို စာချုပ်၏အပိုဒ်(၄)တွင် လျော်ကန်သည့်ဥပဒေရေးရာကိစ္စရပ်များ ပြုလုပ်ရပါမည်ဟုလည်းကောင်း၊ အပိုဒ်(၃၄)တွင် လိင်မှုဆိုင်ရာကိစ္စရပ်များတွင် မတရားသဖြင့်အသုံးချမခံရစေရန် နိုင်ငံတော်က တားဆီးကာကွယ်ပေးရပါမည်ဟု ပါဝင်ရာနိုင်ငံတော်မှ စာချုပ်ပါအတိုင်း မိမိနိုင်ငံ၏ကလေးများ အခွင့်အရေးအတွက် လိုအပ်သည်များကိုဆောင်ရွက်ပေးရန် တာဝန်ရှိပါတယ်။ နိုင်ငံအချို့ရဲ့မုဒိမ်းမှုမှ အသက်အရွယ်သတ်မှတ်ချက်များဖြစ်ပြီး အများစုမှာ Power Point မှာဖော်ပြထားတဲ့အတိုင်း ထောင်ဒဏ်ကိုသာ ပြစ်ဒဏ်အဖြစ်ချမှတ်ထားပြီး ဖီလစ်ပိုင်တစ်နိုင်ငံတည်းကသာ ၁၂ နှစ်အောက်ကို

ကျူးလွန်ရင် သေဒဏ်အထိပြစ်ဒဏ်ပေးနိုင်ကြောင်း လေ့လာသိရှိရပါတယ်။ နိုင်ငံတကာမှာ ဘယ်လိုပဲ သတ်မှတ်ချက်ထားပါစေ မိမိနိုင်ငံရဲ့လူ့အဖွဲ့အစည်းနဲ့ကိုက်ညီမှုရှိဖို့တော့ သတိချပ်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အသက် ၁၂ နှစ်အထက် ကလေးအချို့ဟာ ခန္ဓာကိုယ်ဖွံ့ဖြိုးပြီး လူငယ်သဘာဝအရ ချစ်ကြိုက်ကျူးလွန်မိရာမှ မိဘဆွေမျိုးများသိရှိ၍ မုဒိမ်းမှုဖွင့်ခြင်းများလည်း ရှိတတ်ပါတယ်။ ဒါပေမဲ့ အသက် ၁၂ နှစ်အောက်ကလေးများနှင့် မသန်စွမ်းသူများကတော့ ကာမရာဂစိတ်လည်း မရှိနိုင်သလို လိင်ပိုင်းအရ မြှူဆွယ်တတ်တဲ့အခြေအနေလည်းမရှိနိုင်သေးတာကြောင့် အဆိုပါသူများကို မုဒိမ်းကျင့်ခြင်းမှာတော့ ရက်စက်ကြမ်းကြုတ်တဲ့လုပ်ရပ်သာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံ၏ သက်ငယ်မုဒိမ်းဖြစ်ပွားနေမှုအပေါ် ရာဇသတ်ကြီးဥပဒေပါ မုဒိမ်းမှုနှင့်ပတ်သက်၍ ဖြစ်သင့်သော ပြင်ဆင်ချက်အသစ်၌ ပုဒ်မ ၃၇၅ တွင် စကားရပ်ကို ခြောက်ရပ်ဟု ပြင်ဆင်ရန်ဖြစ်ပါတယ်။ ထိုဆဋ္ဌမတွင် သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ မသန်စွမ်းအမျိုးသမီးများနှင့် အသက် ၁၂ နှစ်အောက် မိန်းကလေးများကို ပြုကျင့်ခြင်းဆိုသည့်အချက်ကို ပြင်ဆင်ဖြည့်စွက်ရန်ဖြစ်ပြီး ပုဒ်မ ၃၇၆ တွင် မူလပြဋ္ဌာန်းထားသောဥပဒေအတိုင်းဖြစ်၍ ပုဒ်မ ၃၇၆ ကို ပုဒ်မ ၃၇၆(က)ဟုလည်းကောင်း၊ အသစ်ပြင်ဆင်ဖြည့်စွက်မှုဥပဒေတွင် ပုဒ်မ ၃၇၆(ခ) မသန်စွမ်းအမျိုးသမီးနှင့် အသက် ၁၂ နှစ်အောက်အမျိုးသမီးများကို ပြုကျင့်လျှင် သေဒဏ်ချမှတ်နိုင်သည်ဟု ဖြစ်ပါတယ်။ ရာဇသတ်ကြီးဥပဒေပါ မုဒိမ်းမှုနှင့်ပတ်သက်၍ ဖြစ်သင့်သောပြင်ဆင်ချက်အသစ်ကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြထားချက် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့အထက်ပါအကြံပြုတင်ပြချက်များဟာ မြန်မာ့လူ့အဖွဲ့အစည်းတွင် အမှန်တကယ်လိုအပ်နေမှုအပေါ် လက်တွေ့ကျကျ၊ အရှိန်ပြင်းပြင်းနဲ့ ကာကွယ်ပေးခြင်းဖြစ်တယ်လို့လည်း ဆိုနိုင်ပါတယ်။ ဒါမှသာ ကျွန်မတို့လူ့အဖွဲ့အစည်းက ကျွန်မတို့အနာဂတ်မျိုးဆက်သစ်လူငယ်များကို ထိထိရောက်ရောက်နှင့် ကာကွယ်ပေးနိုင်ရာကျမှာဖြစ်ပါတယ်။ မြန်မာအမျိုးသမီးထု အထူးသဖြင့် ရှေးဦးအရွယ်ကလေးသူငယ်များ၊ လူငယ်များ၊ မသန်စွမ်းသူများကို ဥပဒေရဲ့အကာအကွယ်နှင့် လွတ်လပ်လုံခြုံတဲ့ဘဝများကို ရရှိစေနိုင်မှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်းက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဆွေဝင်း(ကော့မှူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့အဆိုကို အကြံပြုဆွေးနွေးမယ့် ကော့မှူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေဝင်းပဲ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ ကျိုးကြောင်းဖော်ပြချက်မှာ မြန်မာနိုင်ငံတွင် သက်ငယ်မုဒိမ်းမှုတွေဟာ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ် နှစ်နှစ်တာကာလအတွင်းမှာဖြစ်ပွားခဲ့တဲ့အမှုတွေဟာ ၂၅၀၀ ကျော်ရှိခဲ့တယ်လို့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သတင်းထုတ်ပြန်ချက်အရ သိရပါတယ်။ အဆိုပါ ၂၅၀၀ ကျော်ရှိတဲ့

အနက်မှ အသက် ၁၆ နှစ်အောက်ကလေး သက်ငယ်မုဒိမ်းကျင့်ခံရတဲ့အမှုဟာဆိုရင် ၁၅၀၀ ကျော်ရှိတယ်ဆိုတဲ့အကြောင်းလည်း တွေ့ရပါတယ်။ မုဒိမ်းမှုကျူးလွန်ခံရခြင်းမှာ လူသားဆန်စိတ်မရှိခြင်း၊ ဘာသာရေးအဆုံးအမဥ္စမတည်ခြင်း၊ အရက်နှင့်မူးယစ်ဆေးသုံးစွဲခြင်းတို့၊ အသိပညာနည်းပါးခြင်းကြောင့်ဖြစ်တယ်လို့လည်း ပြည်ထဲရေးဝန်ကြီးဌာနရဲ့သုံးသပ်ချက်ကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာ ကလေးသူငယ်ဥပဒေ(The Child Law)ကို ၁၉၉၃ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ ဥပဒေရဲ့အခန်း(၁) အမည်နဲ့အဓိပ္ပါယ်ဖော်ပြချက်အရ ပုဒ်မ ၂ ပုဒ်မခွဲ(က)မှာ ကလေးသူငယ်ဆိုတာဟာ အသက် ၁၆ နှစ်မပြည့်သေးတဲ့သူကို ဆိုလိုတယ်လို့ ဖော်ပြထားတာကိုလည်း တွေ့ရှိရပါတယ်။ ရာဇသတ်ကြီးပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၂ မှာ အသက်ခုနစ်နှစ်အောက်ကလေးတွေက ပြုလုပ်သည့် ပြုလုပ်မှုသည်ပြစ်မှုမမြောက်ဘူးလို့လည်း ဖော်ပြထားပါတယ်။ ရာဇသတ်ကြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၁ ဥပဒေနှင့်အညီရှိသော အုပ်ထိန်းသူထံမှ လူခိုးမှုတွင် မည်သူမဆို ဥပဒေနှင့်အညီ အုပ်ထိန်းသူ၏ထိန်းသိမ်းခြင်းမှ အသက် ၁၄ နှစ်အောက် ယောကျ်ားလေးကိုဖြစ်စေ၊ အသက် ၁၈ နှစ်အောက်မိန်းကလေးကိုဖြစ်စေ၊ စိတ်ပေါ့သွပ်သူကိုဖြစ်စေ ထိုအုပ်ထိန်းသူသဘောမတူဘဲ ခေါ်ဆောင်မယ်ဆိုရင်၊ ဖြားယောင်းခြင်းအားဖြင့် ထွက်သွားစေလိုလျှင် ထိုအရွယ်မရောက်သေးသူကို သို့တည်းမဟုတ် ထိုစိတ်ပေါ့သွပ်သူကို ဥပဒေနှင့်အညီ အုပ်ထိန်းသူထံမှခိုးယူသည်လို့ မည်ပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၅၊ ၃၇၆၊ ၃၇၇ ကိုလေ့လာကြည့်မယ်ဆိုလို့ရှိရင် ပုဒ်မ ၃၇၅ မှာ မုဒိမ်းမှုမြောက်ရန်အတွက် ပဥ္စမအပိုဒ်တွင် မိန်းမကခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ထိုမိန်းမသည် အသက် ၁၈ အောက်အရွယ်ရှိသူဖြစ်သည်လို့ ဖော်ပြထားပါတယ်။ ပုဒ်မ ၃၇၆ မှာတော့ မုဒိမ်းမှုကျူးလွန်သူကို ထောင်ဒဏ်နှစ် ၂၀ ဖြစ်စေ၊ ၁၀ နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်တယ်လို့ ဖော်ပြထားပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၇ မှာတော့ ယောကျ်ားနှင့်ဖြစ်စေ၊ မိန်းမနှင့်ဖြစ်စေ၊ တိရစ္ဆာန်နှင့်ဖြစ်စေ မည်သူမဆို မိမိအလိုအလျောက် ဓမ္မတာနှင့်ဆန့်ကျင်သော ကာမစပ်ယှက်မှုကိုပြုမယ်ဆိုရင် ထိုသူကို ထောင်ဒဏ်နှစ်၂၀ ဖြစ်စေ၊ ၁၀ နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမယ်လို့ လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေးချင်တာကတော့ သက်ငယ်မုဒိမ်းမှုများနှင့်ပတ်သက်၍ ထိရောက်စွာဟန့်တားနိုင်ရန် အထူးဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းမည်ဆိုပါက ကျွန်တော်တို့အနေနဲ့ ကာလရှည်ကြာစွာ စောင့်ဆိုင်းနေရပါလိမ့်မယ်။ ထို့ကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ ရဲ့အောက်မှာ အပိုဒ်ခွဲပြီး သက်ငယ်မုဒိမ်းမှုနှင့်ပတ်သက်သည့် ထိရောက်တဲ့ပြစ်ဒဏ်ကို ပြင်ဆင်ရေးဆွဲပါက ပို၍လျင်မြန်နိုင်မည်ဟု ယုံကြည်မိသလို တရားဥပဒေဌာနတွေကလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးရန် လိုအပ်တယ်လို့ အကြံပြုဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေးဒရဲမဲဆန္ဒနယ်က ဒေါက်တာဒေါ်ခင်ညို က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်ညို (ဒေးဒရဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ဒေးဒရဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညို ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ရသေ့တောင်မဲဆန္ဒနယ်မှ

ဒေါ်ခင်စောဝေ တင်သွင်းသွားတဲ့ သက်ငယ်မုဒိမ်းနဲ့ပတ်သက်တဲ့ ပြစ်မှုပေးတဲ့အပိုင်းနဲ့ပတ်သက်ပြီး ပါဝင်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတစ်ခုအောင်မြင်ဖို့ရာမှာ လူ့စွမ်းအားအရင်း အမြစ်အပေါ်မှာ မူတည်နေပါတယ်။ နိုင်ငံသားတွေ အရည်အသွေးပြည့်ဝပြီး စည်းကမ်းရှိမယ်၊ ကြိုးစားမယ်ဆိုမှ အောင်မြင်မှာပါ။ နိုင်ငံသားကောင်းတွေရရှိဖို့ မိခင်ကောင်းတွေ လိုအပ်ပါတယ်။ မိခင်များကျန်းမာပြီး အရည်အသွေးပြည့်ဝနေမှ သားကောင်းသမီးကောင်းများကို မွေးထုတ်နိုင်မှာပါ။ ယနေ့မိန်းကလေးငယ်တွေဟာ အနာဂတ်ရဲ့မိခင်လောင်းတွေမို့ တန်ဖိုးထားပြီး ဂရုစိုက်ပြုစုပျိုးထောင် ပေးဖို့ လိုအပ်ပါတယ်။ အနာဂတ်ရဲ့မိခင်လောင်းမိန်းကလေးတွေကို စော်ကားဖျက်ဆီးခြင်းဟာ တိုင်းပြည်ရဲ့အနာဂတ်ကို ဖျက်ဆီးခြင်းနဲ့အတူတူပါပဲ။ နောက် မိမိရဲ့မျိုးနွယ်ကို စောင့်ထိန်းမှုလည်း မရှိဘူးလို့ သက်ရောက်ပါတယ်။ ကိုယ့်ကိုယ်ကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုမပြုနိုင်သေးတဲ့၊ မသိနားမလည်တဲ့ ဖြူစင်တဲ့မိန်းကလေးအပေါ်မှာ ပြစ်မှုကျူးလွန်ကြတာဟာ အလွန်စက်ဆုပ်ရွံရှာ ကောင်းတယ်လို့ ကျွန်မကယူဆပါတယ်။ ဆွေမျိုးထဲကကျူးလွန်မယ်ဆိုရင် ပိုမိုဆိုးရွားတဲ့ကိစ္စ ဖြစ်ပါ တယ်။ ကျူးလွန်ခံရတဲ့မိန်းကလေးတွေမှာ ခန္ဓာကိုယ်မှာထိခိုက်တဲ့အပြင် စိတ်ဒဏ်ရာပါခံစားရပါတယ်။ ခြိမ်းခြောက်ခံရပြီးတော့ အဖြစ်ဆိုးနဲ့ကြုံတွေ့ရတဲ့ကလေးတွေဟာ ကြောက်ရွံ့သိမ်ငယ်ပြီး ငေါင်တောင်တောင်ဖြစ်သွားရတာတွေ့ရပါတယ်။ ကလေးဘဝလွတ်လပ်ပျော်ရွှင်မှု ဆုံးရှုံးသွားရပါ တယ်။ ကလေးနဲ့မလျော်တဲ့ရဲစခန်း၊ ဆေးရုံ၊ တရားရုံးတွေမှာ အစစ်ဆေးခံရပါတယ်။ မေးမြန်းခံရတာ ကြောင့် စိတ်ဖိစီးမှုများပြီး ပုံမှန်မဟုတ်ကြတော့တာ တွေ့ရပါတယ်။ ပညာရေး၊ လူမှုရေး အမဲစက် ဖြစ်ပြီးတော့ ထိခိုက်ခံရတာ။ ဒါကြောင့်မို့လို့ တဖြည်းဖြည်းလုံးပါးပါးပြီး သေဆုံးသွားရတဲ့ မိန်းကလေးကိုလည်း တွေ့ဖူးပါတယ်။ မိသားစုနဲ့ပတ်သက်လို့လည်း ပတ်ဝန်းကျင်ရဲ့ရိုက်ခတ်မှု၊ ကလေးအတွက် နာကြည်းခံစားရမှု၊ တရားရုံးကို ရက်ချိန်းသွားသွားပြီး စစ်ဆေးခံနေရတဲ့ဒုက္ခများ ကြောင့် လူမှုရေး၊ စီးပွားရေး ထိခိုက်လာခြင်းတွေကို မိသားစုဝင်တွေလည်း ခံစားရပါတယ်။ သက်ငယ်မုဒိမ်းမှုတွေဟာ ဖွံ့ဖြိုးမှု နည်းတဲ့တောရွာနဲ့ ဆင်ခြေဖုန်းတွေမှာ အဖြစ်များတာတွေ့ရပါတယ်။ ဖခင်လုပ်စာနဲ့မလောက်လို့ မိခင်တွေပါအလုပ်လုပ်ရလို့ ကလေးတွေကို လုံလောက်အောင်မစောင့် ရှောက်နိုင်ပါဘူး။ ကလေးအချင်းချင်း သွားလာ၊ ကျောင်းတက်၊ ကစားကြပါတယ်။ မြန်မာ့ဓလေ့အရ ရပ်ရွာကဝိုင်းဝန်း စောင့်ရှောက်ကြပါတယ်။ ကျွန်မမြို့နယ်မှာဖြစ်ပွားတဲ့အမှုတွေမှာ ကစားနေတဲ့ ကလေးအုပ်ထဲကကလေးကို မုန့်ကျွေးမယ်ဆိုပြီးခေါ်သွားပြီးတော့ ခြိမ်းခြောက်ပြီး ကျူးလွန်လိုက်ပါ တယ်။ မျက်နှာသိ ရင်းနှီးဝင်ထွက်နေသူဖြစ်ပါတယ်။ နောက်တစ်ယောက်ကလည်း ၁၃ နှစ်ကလေးကို ဒီလိုကျူးလွန်ပြီးတော့ ရှန်းကန်ထွက်ပြေးလို့ သတ်ပစ်လိုက်ပါတယ်။ ရက်စက်ပါတယ်။ ကျူးလွန်တဲ့ အမှုအားလုံးဟာ တော်တော်များများဟာ အရက်မူးနေကြတာများပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မိခင်တစ်ဦးဟာ မိမိကလေးကို ကိုးလကျော်ကိုယ်ဝန်လွယ်ပြီး အသက်နဲ့ရင်းပြီး မွေးထားတာဖြစ်ပါတယ်။ မျှော်လင့်ချက်များစွာနဲ့ ပြုစုပျိုးထောင်လာတဲ့ကလေးကို မိမိရဲ့ဆန္ဒအတွက် နဲ့ကျူးလွန်ပြီး မိန်းကလေးငယ်ရဲ့ အရှက်၊ သိက္ခာ၊ လူမှုရေး၊ ကျန်းမာရေးနဲ့ ဘဝပျက်တဲ့အထိ ထိခိုက် တဲ့ကိစ္စကို မြန်မာ့လူ့အသိုင်းအဝိုင်းက လျစ်လျူမရှုသင့်ပါဘူး။ မိမိတို့သမီးငယ်များ ကျူးလွန်ခံရတဲ့ အတွက် မိခင်များကမခံနိုင်လို့ ဆန္ဒထုတ်ဖော်ကြပေမဲ့လည်း သက်ငယ်မုဒိမ်းမှုက လျော့ဆင်းသွားခြင်း

မရှိတဲ့အပြင်ကို ပိုလို့တောင်များပြားလာပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါ။ ဒေသအလိုက်သက်ငယ်မုဒိမ်းဖြစ်ပွားမှုမှာ ရန်ကုန်တိုင်းဒေသကြီးက အများဆုံးဖြစ်ပြီးတော့ ၁၉၂ ယောက်၊ ဧရာဝတီတိုင်းဒေသကြီးက ၁၅၆ ယောက်ရှိပါတယ်။ နှစ်အလိုက်ဖြစ်ပွားမှုမှာ ၂၀၁၄ ခုနှစ်မှာ ၃၃၄ မှု၊ ၂၀၁၅ ခုနှစ်မှာ ၃၁၆ မှု၊ ၂၀၁၆ ခုနှစ်မှာ ၆၇၁ မှု နှစ်ဆခုန်တက်သွားပြီးတော့ ၂၀၁၇-၂၀၁၈ ခုနှစ်မှာလည်း တဖြည်းဖြည်း တရိပ်ရိပ်တက်လာပါတယ်။ ၂၀၁၇ ခုနှစ်မှာ ဇန်နဝါရီလမှ ဧပြီလအထိ ၃၆၀ ဆိုတော့ ဒီနှစ်ကုန်မှာ ထောင်ဂဏန်းနားနီးဖို့ ရှိနေပါတယ်။ ဆိုတော့ ဒီလိုမျိုး တဖြည်းဖြည်း များလာတဲ့ကိစ္စတွေကို ကျွန်မတို့ လျစ်လျူရှုဖို့မသင့်တော့ပါဘူး။ ထိန်းကျောင်းဖို့လိုအပ်လာပါပြီ။ အဖြစ်အများဆုံးဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှာဆိုရင် စီမံချက်ချပြီးတော့ ထိန်းကျောင်းဖို့၊ အဖွဲ့အစည်းအားလုံးပူးပေါင်းလုပ်ဆောင်ဖို့လိုနေပြီလို့ ကျွန်မအနေနဲ့ ယူဆပါတယ်။ နောက် ကျူးလွန်တဲ့ပြစ်မှုများကို ပြစ်ဒဏ်ပေးတဲ့အခါမှာလည်း သက်ဆိုင်ရာနိုင်ငံအလိုက် တစ်နိုင်ငံနှင့် တစ်နိုင်ငံကို မတူကြပေမဲ့ ပြင်းထန်တဲ့ပြစ်ဒဏ်များကို ပေးတယ်လို့သိရပါတယ်။ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်မှာဆိုလို့ရှိရင် ထောင်ဒဏ်ခုနစ်နှစ်၊ ၁၂ နှစ်၊ နှစ် ၂၀၊ တစ်သက်တစ်ကျွန်း၊ သေဆုံးရင် သေဒဏ်ပေးပြီးတော့ ငွေဒဏ်လည်းပါပါတယ်။ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းမှာ ထောင်ဒဏ်ကိုးနှစ်ကနေ ၂၀ နှစ်၊ ကြိမ်ဒဏ်လည်း ပေးပါတယ်။ ဆော်ဒီအာရေးဗီးယား၊ အီရန်၊ ကျူးဘားမှာဆိုရင် မည်သည့်မုဒိမ်းမှုမျိုးမဆို သေဒဏ်ပေးကြပါတယ်။ ဆိုတော့ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြစ်မှုပေးရမှာ၊ ပြစ်ဒဏ်ပေးရမှာမတူကြပါဘူး။ ဒါပေမဲ့ ပြင်းထန်တဲ့ပြစ်ဒဏ်ပေးတယ်လိုတော့ ယူဆရပါတယ်။

ကျွန်မတို့မြန်မာနိုင်ငံမှာ ဒီလိုသက်ငယ်မုဒိမ်းမှုတွေက ထိန်းကျောင်းရင်း၊ ထိန်းကျောင်းရင်းနဲ့မှ တဖြည်းဖြည်းပိုများလာတာ၊ တစ်နှစ်ထက်တစ်နှစ်တက်လာတယ်ဆိုရင် ကျွန်မတို့မိန်းကလေးငယ်တွေ နောက်ထပ်ဘယ်လောက်များ ဒီလိုစော်ကားခံပြီးတော့ ဘဝပျက်နေကြရဦးမှာလဲ။ ကျွန်မတို့အားလုံးမှာ တာဝန်ရှိပါတယ်။ အပြစ်ကင်းနုနယ်တဲ့မိန်းကလေးတွေကို ကာကွယ်ဖို့အတွက် မြန်မာနိုင်ငံမှာ သက်ငယ်မုဒိမ်းအတွက် ပြစ်ဒဏ်အားလုံးက ဝိုင်းဝန်းပြီးတော့စောင့်ရှောက်ကြသလို သက်ငယ်မုဒိမ်း ပြစ်ဒဏ်ပေးမှုမှာလည်း ပိုပြီးတော့ နည်းနည်းသတိထားပြီးတော့ ပိုပြီးပြင်းထန်တဲ့ပြစ်ဒဏ်ပေးသင့်တယ်လို့ယူဆပါတယ်။ အထူးသဖြင့် ကလေးငယ်ရဲ့အသက်ငယ်ရင်ငယ်သလောက် ပိုပြီးတော့ ပိုပြင်းထန်တဲ့ ပြစ်ဒဏ်ပေးသင့်ပါတယ်။ ကလေးရဲ့ခံစားရမှု၊ ကိုယ်ခန္ဓာမှာခံစားရမှု၊ စိတ်ဒဏ်ရာခံစားရမှုပေါ် မူတည်ပြီးတော့ ပြစ်ဒဏ်ချိန်ဆပြီးပေးသင့်ပါတယ်။ ကျွန်မတို့အနေနဲ့ကတော့ ကလေးကငယ်မယ်ဆိုရင် ခန္ဓာမှာလည်းထိခိုက်မှုများမယ်။ စိတ်ဒဏ်ရာလည်း ထိခိုက်မှုများမယ်ဆိုရင် အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်၊ ပိုပြီးပြင်းထန်မယ်ဆိုလို့ရှိရင် တစ်သက်တစ်ကျွန်း လျှော့ရက်မရှိနဲ့ သေဒဏ်အထိချမှတ်နိုင်ဖို့ ကျွန်မအနေနဲ့ ဒေါ်ခင်စောဝေရဲ့အဆိုကို အမှုပေါ်မှာမူတည်ပြီးတော့ ပြစ်ဒဏ်ပေးဖို့ ကျွန်မအနေနဲ့ ထောက်ခံပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးစိုးအောင် ဖြစ်ပါတယ်။ ရသေ့တောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့ တစ်နေ့တခြားများပြားလာပြီး ထိတ်လန့်ဖွယ်ရာအဆင့်သို့ ရောက်ရှိနေသော သက်ငယ်မုဒိမ်းမှုကျူးလွန်သူများအား ထိရောက်စွာဟန့်တားနိုင်ရန် အထူးဥပဒေတစ်ရပ်အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှုပြစ်ဒဏ်ပိုင်းကို သေဒဏ်ချမှတ်သည်ထိ တိတိကျကျရေးဆွဲပြဋ္ဌာန်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီးတော့မှ ကျွန်တော်တို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်များနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ရဲ့အချက်အလက်အချို့ကို ပေါင်းစပ်ပြီး ရှင်းလင်းဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနဟာ ထိခိုက်လွယ်အုပ်စုများဖြစ်တဲ့ ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် ရပ်တည်ရန်ခက်ခဲသူတွေအတွက် ကြိုတင်ကာကွယ်ရေး၊ ကာကွယ်စောင့်ရှောက်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များချမှတ်ပြီး လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်လျက်ရှိပြီး ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ ထိရောက်စွာ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်အတွက် ဥပဒေများ၊ မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်လျက်ရှိရာမှာ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေကို ခေတ်စနစ်နဲ့အညီ ပြင်ဆင်ဖြည့်စွက်၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေမူကြမ်းအဖြစ် ပြင်ဆင်ရေးဆွဲလျက်ရှိတဲ့အပြင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေမူကြမ်းကိုလည်း ရေးဆွဲလျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့လည်း မုဒိမ်းမှုကျူးလွန်သူတရားခံများကို ဖမ်းဆီးပြီး သက်ဆိုင်ရာတရားရုံးများသို့ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားစွဲဆိုတင်ပို့ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်များအရ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ၂၀၁၆ ခုနှစ်မှာ မုဒိမ်းမှု ၁၁၀၀ မှုဖြစ်ခဲ့ပြီး သက်ငယ်မုဒိမ်းမှုမှာ ၆၇၁ မှုရှိခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာ ၁၄၀၅ မှု

ဖြစ်ပွားခဲ့ပြီး သက်ငယ်မုဒိမ်းမှုက ၈၉၇ မှု၊ ၂၀၁၈ ခုနှစ် မတ်လထိ ၅၃၃ မှုဖြစ်ပွားခဲ့ရာ သက်ငယ်မုဒိမ်းမှုက ၃၆၀ မှုဖြစ်ပွားခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ် မတ်လအထိ သက်ငယ်မုဒိမ်းမှုစုစုပေါင်း ၁၉၂၈ မှုဖြစ်ပွားခဲ့ရာ နေ့အချိန်မှာ ၁၁၁၂ မှု၊ ညအချိန်မှာ ၈၁၆ မှုဖြစ်ပွားခဲ့ကြောင်း၊ ကျေးရွာများတွင် ၁၁၁၄ မှုနဲ့ မြို့များမှာ ၈၁၄ မှုဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ သတင်းထုတ်ပြန်ချက်တွေအရ သိရှိရပါတယ်။

ကလေးသူငယ်မိန်းကလေးများအပေါ်မှာကျူးလွန်တဲ့ မုဒိမ်းမှုခင်းများကို ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်ချမှတ်နိုင်ဖို့အတွက် လူမှုဝန်ထမ်းဦးစီးဌာနက ရေးဆွဲလျက်ရှိတဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေမူကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးကနေ စိစစ်ပြီး ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှာ သဘောထားအကြံပြုချက်များနဲ့ ဌာနတော်တို့ဝန်ကြီးဌာနကို ပြန်ကြားပြီး ဖြစ်ရာ အကြံပြုချက်များအရ ပြင်ဆင်နိုင်ရေးဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေမူကြမ်းကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စု လွှတ်တော်ရုံးသို့ ပေးပို့ထားရှိပြီးဖြစ်ပါတယ်။ ဒီဥပဒေမူကြမ်းနဲ့စပ်လျဉ်းပြီး ၂၀၁၈ ခုနှစ်၊ မေလ ၁ ရက်နေ့မှာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနဲ့ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများဟာ ပထမအကြိမ် ညှိနှိုင်းဆွေးနွေးမှုတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေမူကြမ်း အခန်း(၂၇) ပုဒ်မ ၁၀၄ တွင်လည်းကောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေမူကြမ်း အခန်း(၁၅) ပုဒ်မ ၄၆ တွင်လည်းကောင်း မည်သူမဆို ကလေး သူငယ်အမျိုးသမီးကိုဖြစ်စေ၊ မသန်စွမ်းသူအမျိုးသမီးကိုဖြစ်စေ မုဒိမ်းမှုကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် နှစ် ၂၀ မှ အများဆုံးထောင်ဒဏ် တစ်သက် အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဟု ထိရောက်ဟန့်တားတဲ့ပြစ်ဒဏ်အဖြစ် ဖော်ပြထားပါတယ်။ ထောင်ဒဏ်တစ်သက်ဆိုတာဟာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူကို အကျဉ်းထောင် ထဲ၌ သေဆုံးသည်ထိ ပြစ်ဒဏ်ကျခံစေရန်ချမှတ်တဲ့ထောင်ဒဏ်ကို ဆိုလိုပါတယ်။ ဒါ့အပြင် အမျိုးသမီး များအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေမူကြမ်း အခန်း(၁၅) ပုဒ်မ ၄၉ ပုဒ်မခွဲ(က)မှာ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုကို ကျူးလွန်ရာမှ လူသတ်မှုကိုဖြစ်စေ၊ လူသေမှုကိုဖြစ်စေ ကျူးလွန်ကြောင်း သို့မဟုတ် အုပ်စုဖွဲ့၍ မုဒိမ်းမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ ထောင်ဒဏ် နှစ် ၂၀ ဖြစ်စေချမှတ်ရမည့် အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဟုလည်းကောင်း၊ ပုဒ်မ ၄၉ ပုဒ်မခွဲ(ခ)မှာ အမျိုးသမီးများအပေါ် အကြမ်းဖက်ကျူးလွန်ရာမှ အပြင်းထန်နာကျင်မှုကျူးလွန်ခြင်း၊ ကလေးသူငယ်မြင်စေရန်ဖြစ်စေ သို့မဟုတ် မြင်မည်ကိုသိလျက်နှင့်ဖြစ်စေ ကလေးသူငယ်ရဲ့ရှေ့မှာ မုဒိမ်းမှုကိုတမင်ကျူးလွန်ခြင်း၊ အကြမ်းဖက်ခံရသူအား ပိုမိုအားနည်းစေရန်အတွက် မူးယစ်ဆေးဝါး သို့မဟုတ် အရက်သေစာ တိုက်ကျွေး၍ မုဒိမ်းမှုကျူးလွန်ခြင်း၊ ဘေးဖြစ်စေတတ်သော လက်နက်ကိုအသုံးပြု၍ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကျူးလွန်ခြင်း၊ သဘာဝဘေးအန္တရာယ်တစ်ရပ်ရပ်ကြောင့်ဖြစ်စေ၊ လက်နက်ကိုင်ပဋိပက္ခ ကြောင့်ဖြစ်စေ နေရပ်မှရွှေ့ပြောင်းရသောအမျိုးသမီးအား မုဒိမ်းမှုကျူးလွန်ခြင်း၊ မုန်းတီးမှုကိုအခြေခံ ၍ မုဒိမ်းမှုကိုကျူးလွန်ခြင်း၊ မုဒိမ်းမှုကျူးလွန်ခံရခြင်းကြောင့် မသန်မစွမ်းဖြစ်သွားခြင်း၊ လိင်ပိုင်းဆိုင်ရာ

သို့မဟုတ် မျိုးပွားအင်္ဂါများဆုံးရှုံးခြင်းစတဲ့ ပြုလုပ်မှုတစ်ခုခုကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုသေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ ထောင်ဒဏ်နှစ် ၂၀ ဖြစ်စေချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်ဟုလည်းကောင်း ထိရောက်သောပြစ်ဒဏ်များကို ကျွန်တော်တို့ မူကြမ်းမှာ ရေးဆွဲထားရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိန်းကလေးငယ်များ မုဒိမ်းကျင့်ခံရမှုနှင့်ပတ်သက်ပြီး မုဒိမ်းမှုများလျှော့နည်းကျဆင်းရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာနနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ တိုင်းဒေသကြီး/ပြည်နယ်များနှင့် စာသင်ကျောင်းများတွင် အသိပညာပေးခြင်း၊ သတင်းမီဒီယာအမျိုးမျိုးနှင့် မှုခင်းအသိပညာပေးခြင်းများ၊ Bill Board စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့အပြင် အကြမ်းဖက်ခံရသူများကို Psycho Social Support ၊ Legal Support ၊ Financial Support များ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကြိုတင်ကာကွယ်ရေးအစီအစဉ်များအနေဖြင့် ၂၀၁၇ ခုနှစ်အတွင်း လူမှုဝန်ထမ်းဦးစီးဌာန ဝန်ဆောင်မှုပေးမယ့်ပြည်သူ့ဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များဟာ ရန်ကုန်၊ မကွေး၊ မော်လမြိုင်၊ မန္တလေး၊ ပန်းတနော်၊ ဖျာပုံ၊ ဘားအံ၊ တောင်ကြီးမြို့သို့ရောက်ပြီး မိန်းကလေးငယ်များ မုဒိမ်းကျင့်ခံရမှုလျှော့နည်းရေးအတွက် ဥပဒေဆိုင်ရာ အသိပညာပေးခြင်းအစီအစဉ်များဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လိုင်စင်မဲ့အရက်၊ မူးယစ်ဆေးဝါးနဲ့ကာမစိတ်ကြွဆေးများကို ဖမ်းဆီးအရေးယူခြင်း၊ တရားခံများအား ဖမ်းဆီးပြီးထိရောက်တဲ့ ပြစ်ဒဏ်ရရှိအောင်ဆောင်ရွက်ခြင်းနဲ့ မှုခင်းဖြစ်ပွားမှုအခြေအနေတို့ကို အမြဲမပြတ်စိစစ်သုံးသပ်ခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို တစ်နေရာတည်းတွင်ဖြေရှင်းပေးနိုင်တဲ့ Centre၊ One Stop Women Support Centre(OSWSC)ကို ရန်ကုန်၊ မန္တလေးနဲ့ လားရှိုးမြို့တို့မှာ ဖွင့်လှစ်နိုင်ခဲ့ပြီး ယာယီလက်ခံစောင့်ရှောက်ပေးခြင်း၊ ထောက်ပံ့ကြေးပေးအပ်ခြင်း၊ တရားရင်ဆိုင်နိုင်ရန် ချိတ်ဆက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းစတဲ့အစီအစဉ်များကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ် မတ်လထိ လူမှုဝန်ထမ်းဦးစီးဌာန Health Line Centre သို့ အမျိုးသမီးနဲ့ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုအမျိုးမျိုးနဲ့ပတ်သက်၍ တင်ပြတဲ့တိုင်စာပေါင်း ၃၇၈ ခုကို လူမှုရေးဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများအနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဦးစီးဌာနသို့ တိုင်ကြားလာတဲ့မိန်းကလေးငယ်များ မုဒိမ်းကျင့်ခံရမှုများအနက် ၁၄၅ ဦးကို တရားစီရင်ရေးတွင်ပါဝင်နိုင်ရေးအတွက် ငွေကျပ် ၁၀၀၀၀၀ စီနဲ့ ၁၁၄ ဦးတို့ကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် ငွေကျပ် ၅၀၀၀၀၀ စီထောက်ပံ့ပေးခဲ့ပါတယ်။ မိမိတို့လူမှုအဖွဲ့အစည်းမှာမည်သည့်အကြောင်းပြချက်နဲ့မျှ လက်ခံနိုင်ဖွယ်မရှိတဲ့ သက်ငယ်မုဒိမ်းဖြစ်ရပ်များအား လျှော့နည်းပပျောက်အောင်ဆောင်ရွက်ရာမှာ သေဒဏ်ကဲ့သို့သောအသက်ကို ထုတ်နုတ်စေရုံဖြင့် ယင်းကဲ့သို့ဖြစ်ရပ်များပပျောက်သွားပြီလို့ ခိုင်ခိုင်မာမာပြောဆိုရန် ခက်ခဲမယ်ဆိုတဲ့အကြောင်းကိုလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း ဆွေးနွေးသွားတာတွေ့ရှိရမှာ ဖြစ်ပါတယ်။ မိမိတို့ လူ့အဖွဲ့အစည်းအတွင်း တစ်ဦးနှင့်တစ်ဦးလူ့ကျင့်ဝတ်နှင့်အညီ အပြန်အလှန်ပြုမူဆက်ဆံနိုင်ရေး

အတွက် အခြားသောနည်းလမ်းများဖြစ်သည့် လူမှုရေးအားဖြင့် ကြိုတင်ထိန်းညှိခြင်းဖြင့် ထိုကဲ့သို့ ဖြစ်ရပ်များဖြစ်ပွားနိုင်သည့်အခြေအနေများအား ကြိုတင်လျှော့ချခြင်းတို့ဖြင့် မျှတစွာဆောင်ရွက်ပေး နိုင်မှသာ ထိုကဲ့သို့ဖြစ်ရပ်များ လျော့ကျသွားမှာဖြစ်ပါတယ်။ ဥပဒေများမှာ သေဒဏ်ပြဋ္ဌာန်းခြင်းနှင့် စပ်လျဉ်း၍ ကမ္ဘာပေါ်မှာသေဒဏ်ချမှတ်ခွင့်ကို ဖျက်သိမ်းထားတဲ့နိုင်ငံများ သမားရိုးကျဖြစ်မှုများကို သေဒဏ်ချမှတ်ခွင့်ဖျက်သိမ်းထားတဲ့နိုင်ငံများ၊ သေဒဏ်ကိုပြဋ္ဌာန်းထားသော်လည်း လက်တွေ့ကျင့်သုံး မှုမရှိတဲ့နိုင်ငံများ၊ သေဒဏ်ချမှတ်မှုကို ဆက်လက်ကျင့်သုံးလျက်ရှိတဲ့နိုင်ငံများဟူ၍ အမျိုးအစား လေးမျိုးရှိရာမှာ မြန်မာနိုင်ငံဟာ သေဒဏ်ကိုပြဋ္ဌာန်းထားသော်လည်း လက်တွေ့ကျင့်သုံးခြင်းမရှိတဲ့ နိုင်ငံဖြစ်ပါတယ်။

ထို့အပြင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်ရေးကော်မရှင်အနေဖြင့် သက်ငယ်မုဒိမ်းမှုများနဲ့ စပ်လျဉ်း၍ သေဒဏ်ပါရှိသော အထူးဥပဒေတစ်ရပ်ပြဋ္ဌာန်းသင့်/မသင့်ကို ကျယ်ပြန့်စွာ စဉ်းစား သင့်တယ်လို့ သဘောရရှိကြောင်း ကျွန်တော်တို့ထံပြန်ကြားပေးပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ သက်ငယ်မုဒိမ်းမှုနှင့်ပတ်သက်ပြီး အဆိုတင်သွင်းမှုဟာ အခုအချိန်ဟာ တကယ့် အချိန်ကိုက်ဖြစ်နေပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့တိုက်တွန်းချက်ဟာ နိုင်ငံတော် အစိုးရရဲ့ လက်ရှိဆောင်ရွက်မှုများနဲ့ကိုက်ညီမှုဖြစ်နေပါတယ်။ အထူးဥပဒေတစ်ရပ်အဖြစ် ရေးဆွဲ ထားသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီမှာဆွေးနွေးနေပြီဖြစ်လို့ လမ်းကြောင်းပေါ်ကိုရောက်ရှိနေပြီး လွှတ်တော်ကိုယ်စားလှယ်ကြီး များအနေနဲ့ သက်ငယ်မုဒိမ်းမှုအတွက် ပြစ်မှုပြစ်ဒဏ်ပိုင်းကို ထိထိရောက်ရောက်တိတိကျကျ ရေးဆွဲ ပြဋ္ဌာန်းနိုင်ရေး၊ ဘက်ပေါင်းစုံမှကျယ်ကျယ်ပြန့်ပြန့်ဝိုင်းဝန်းဆွေးနွေး ထည့်သွင်းဆောင်ရွက်ပေးပါရန် နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေကိုလည်း အမြန်ဆုံး အဆင့်ဆင့် တင်ပြသွားမှာဖြစ်ပါတယ်။

ထိုကဲ့သို့ တင်ပြပါဥပဒေကြမ်းတစ်ခုအား လွှတ်တော်ကိုယ်စားလှယ်ကြီး အဆိုပြုထားသော အထူးဥပဒေများဖြစ်ပြီး အဆိုပါဥပဒေကြမ်းတစ်ခုကို အရှိန်အဟုန်မြင့်အတည်ပြုနိုင်ရေးဆောင်ရွက် နေသကဲ့သို့ ကလေးသူငယ်များရဲ့အခွင့်အရေးများဖြစ်သော အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးခွင့်၊ ကာကွယ် စောင့်ရှောက်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်တို့နှင့်အညီ အသိပညာပေးခြင်း၊ အရေးယူခြင်းအပိုင်းများကို ထိထိရောက်ရောက်ဆောင်ရွက်ပေးခြင်းအား ကျွန်တော်တို့ တာဝန်ရှိသူတွေအားလုံးက ပြည်သူများရဲ့ စုပေါင်းအင်အားကိုရယူပြီး ဆောင်ရွက်နေကြပြီဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်၏ အဆို တင်သွင်းမှုကို မှတ်တမ်းအဖြစ်သာထားသင့်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရှင်းလင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးမျိုးတင့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့

ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ တင်သွင်းတဲ့အဆိုနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ရှင်းလင်းဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်သွင်းတဲ့အဆိုဟာ သက်ငယ်မုဒိမ်းမှုကျူးလွန်သူများအား ထိရောက်စွာဟန့်တားရန်အတွက် သေဒဏ်ချမှတ်နိုင်တဲ့ ပြဋ္ဌာန်းချက်ပါဝင်တဲ့အထူးဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းဖို့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့အဆိုဖြစ်ကြောင်း တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တည်ဆဲဥပဒေအရ ရာဇသတ်ကြီးပုဒ်မ ၃၇၆ မှာ မုဒိမ်းမှုကျူးလွန်သူကို အနှစ် ၂၀ ထောင်ဒဏ်ဖြစ်စေ၊ ၁၀ နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ မုဒိမ်းကျင့်ခံရသောမိန်းမသည် မိမိမယားဖြစ်၍ အသက် ၁၂ နှစ်အောက်မဟုတ်လျှင်မူကား မုဒိမ်းကျင့်သော ထိုလင်ကို နှစ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်လို့ ပြဋ္ဌာန်းထားတဲ့အတွက် တရားရုံးများက ကျူးလွန်တဲ့တရားခံကို ထောင်ဒဏ်အနှစ် ၂၀ ဖြစ်စေ၊ ၁၀ နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ပါတယ်။ သို့ရာတွင် တရားခံသည် မုဒိမ်းမှုကျူးလွန်စဉ် လူသတ်မှုကျူးလွန်ခဲ့ပါက ထိုတရားခံကို ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁)(ဂ)အရ သေဒဏ်ချမှတ်ရမှာဖြစ်ပါတယ်။ ပုဒ်မ ၃၀၂ (၁) (ဂ)မှာ ဤရာဇသတ်ကြီးအရ ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ခြင်းခံထိုက်သော ပြစ်မှုကိုကျူးလွန်နေစဉ် လူသတ်မှုကိုကျူးလွန်လျှင် ထိုသူကို သေဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။ ယခုအခါ အရွယ်မရောက်သေးသူ ကလေးသူငယ်များအပေါ် မုဒိမ်းမှုကျူးလွန်တဲ့တရားခံကို ခရိုင်တရားရုံးများက စစ်ဆေးပြီး ပြစ်မှုကျူးလွန်ကြောင်းပေါ်ပေါက်ပါက ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်ချမှတ်ရန် အဆိုပါအမှုများနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အစီရင်ခံရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၉-၁-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁၂၀/၂/ပတခ(၆၃)/၂၀၁၇ ဖြင့် လက်အောက်တရားရုံးများကို ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟာ ယင်းညွှန်ကြားချက်အတိုင်း ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များခင်ဗျား။ ကလေးသူငယ်အပေါ်ပြုကျင့်သည့် မုဒိမ်းမှုကျူးလွန်သူအပေါ် သေဒဏ်ချမှတ်မည်ဆိုပါက မုဒိမ်းကျင့်လူသတ်မှုနှင့် ပြစ်ဒဏ်အတိုင်းအဆချင်း တူညီသွားမည်ဖြစ်ပါတယ်။ ယင်းကဲ့သို့တူညီသွားသည့်အတွက် မှုခင်းသဘာဝအရ မမြင်ကွယ်ရာ၊ ဆိတ်ကွယ်ရာ ညအချိန်လို အချိန်မျိုးမှာ ကျူးလွန်လေ့ရှိတဲ့ ကာမရာဂစိတ်ဖိစီးနေသူတရားခံက မိမိကျခံရမည့် ပြစ်ဒဏ်ချင်းအတူတူ မိမိအပေါ် သေဒဏ်ကျအောင် စွပ်စွဲထွက်ဆိုမယ့် အဓိကသက်သေလည်းဖြစ်တဲ့ အပြုကျင့်ခံကလေးသူငယ်ကို သက်သေခံဖျောက်ဖျက်တဲ့အနေနဲ့ နှုတ်ပိတ်သတ်ဖြတ်မှုများ ပိုမိုများပြားလာနိုင်သည့်အတွက် အပြုကျင့်ခံကလေးသူငယ်များ၏ အသက်လုံခြုံမှုကို ထည့်သွင်းစဉ်းစားသင့်ပါကြောင်း အကြံပြုအပ်ပါတယ်။ ထို့အတူ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ဖို့ရည်ရွယ်တယ်ဆိုရင် အရွယ်မရောက်သေးတဲ့ယောကျ်ားလေးများအပေါ် ဓမ္မတာနှင့်ဆန့်ကျင်သော ပြစ်မှုများကိုပါ ထည့်သွင်းစဉ်းစားသင့်ပါကြောင်း အကြံပြုအပ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေ

နဲ့ ပြဋ္ဌာန်းလာမယ့်ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဗိုလ်ချုပ်အောင်သူ (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့ အဆိုအပေါ် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြစ်မှုများအား ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပွားသောပြစ်မှုများအား စုံစမ်းဖော်ထုတ်တရားစွဲတင်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ပြစ်မှုများအား အမှုကြီး ၁၀ မျိုး၊ အခြားအမှု ၁၀ မျိုး၊ ကြိုတင်ကာကွယ်မှု ၁၀ မျိုးဖြင့် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ မုဒိမ်းမှုကို အမှုကြီးအဖြစ် သတ်မှတ်ထားရှိပါတယ်။ မြန်မာနိုင်ငံမှာ မုဒိမ်းမှုဖြစ်ပွားမှုအခြေအနေများအား သိရှိပြီး ကလေးသူငယ်များ အဓမ္မပြုကျင့်ခံရမှုမှ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်နိုင်ရန် ရည်ရွယ်ပြီး ကိန်းဂဏန်းအချက်အလက်များနှင့်တကွ သုံးသပ်တင်ပြသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ မုဒိမ်းမှုဖြစ်ပွားမှုအပေါ် သုံးသပ်ရာမှာ သက်ငယ်မုဒိမ်းဖြစ်ပွားမှုရာခိုင်နှုန်းမှာ ၂၀၁၆ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်တွင် ၆၄ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်ဧပြီလအထိ ၆၈ ရာခိုင်နှုန်းဖြစ်ပွားခဲ့တဲ့အတွက် နှစ်အလိုက် မုဒိမ်းမှုဖြစ်ပွားမှုအရေအတွက်များပြားလာသကဲ့သို့ သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှုရာခိုင်နှုန်းမှာ မြင့်မားလာကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှုတွင် ကျူးလွန်ခံရသူများအနက် နှစ်နှစ်မှ ငါးနှစ်အကြား ကလေးသူငယ်များပင်ပါရှိပြီး အသက် ၁၄ နှစ်မှ ၁၆ နှစ်ကြား ကလေးသူငယ်များတွင် အများဆုံးကျူးလွန်ခံရကြောင်းနှင့် ကျူးလွန်သူအများစုမှာ အသက် ၁၉ နှစ်မှ အသက် ၅၀ နှစ် ကြား အများဆုံးဖြစ်ကြောင်းနှင့် အသက် ၁၆ နှစ်အောက် ကလေးသူငယ်များပင်လျှင် ကျူးလွန်မှုရှိကြောင်း တွေ့ရှိရပါတယ်။

ထို့အပြင် ကျူးလွန်သူများအနက် ပထွေးများနှင့် ဆွေမျိုးတော်စပ်သူများမှ အခွင့်အရေးရယူမှုရှိသကဲ့သို့ ဖခင်အရင်းများပင် ကျူးလွန်ကြောင်းတွေ့ရှိရပြီး သူစိမ်းအမျိုးသားများက ကျူးလွန်မှုအများဆုံးဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ထို့အပြင် နေ့အချိန် ကျေးရွာများတွင် အများဆုံးဖြစ်ပွားခဲ့ကြောင်းနှင့် ကျူးလွန်ခံရသည့်အကြောင်းအရင်းများတွင် ကလေးသူငယ်များအပေါ် အဓမ္မပြုကျင့်မှုများ အများဆုံးဖြစ်ပွားပြီး ဖြားယောင်းသွေးဆောင်မှုမှာ ဒုတိယအများဆုံးကျူးလွန်ကြောင်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် သက်ငယ်မုဒိမ်းမှုများအား စုံစမ်းစစ်ဆေးပြီး တရားရုံးများသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ ၂၀၁၆ ခုနှစ်တွင် ၉၆.၇၂ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်တွင် ၉၇.၉၉ ရာခိုင်နှုန်းနှင့် ၂၀၁၈ ခုနှစ်တွင် ဇန်နဝါရီလမှ ဧပြီလအထိ ၆၉.၁၇ ရာခိုင်နှုန်း တရားစွဲတင်နိုင်ခဲ့ပြီး ကျန်ရှိတဲ့တရားခံများအား တရားစွဲတင်ခြင်းနှင့် တရားခံပြေးများ ဖော်ထုတ်ဖမ်းဆီးနိုင်ရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ တရားရုံးများမှ သက်ငယ်မုဒိမ်းမှုကျူးလွန်သူများအား ပြစ်ဒဏ်ချမှတ်မှုအနေဖြင့်

၂၀၁၆ ခုနှစ်တွင် ထောင်ဒဏ် ၂၀ နှစ်အထက် ၁၈ ဦး အမိန့်ချမှတ်ခဲ့ရမှ ၂၀၁၇ ခုနှစ်တွင် ၂၅ ဦးအထိ အမိန့်ချမှတ်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် သေဒဏ်တစ်ဦးပြစ်ဒဏ်ချမှတ်ခဲ့သဖြင့် သက်ဆိုင်ရာတရားရုံးများမှ လည်း ထိရောက်သောပြစ်ဒဏ်များ တိုးမြှင့်ချမှတ်လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ အဆိုပါ ပြစ်ဒဏ်ချမှတ်ခဲ့သောအမှုများအနက် ၂၀၁၆ ခုနှစ်တွင် ၁၇ မှု၊ ၂၀၁၇ ခုနှစ်တွင် ၃၄ မှု၊ ၂၀၁၈ ခုနှစ်တွင် ဧပြီလအထိ ၁၁ မှု စုစုပေါင်း ၆၂ မှုအား ပြစ်မှုနှင့် ပြစ်ဒဏ်မျှတမှုမရှိကြောင်း သုံးသပ်တွေ့ရှိ ရသဖြင့် ပြစ်ဒဏ်တိုးမြှင့်နိုင်ရေး အယူခံပြင်ဆင်တက်ရောက်ခဲ့ပါတယ်။ ပြစ်ဒဏ်ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်သောပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သက်ဆိုင်ရာ တရားရုံး၊ ဥပဒေရုံးများသည် ကဏ္ဍအလိုက် အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သက်ငယ်မုဒိမ်းမှုများဖြစ်ပွားမှုအပေါ် သုံးသပ်၍ သက်ငယ်မုဒိမ်းမှုများ လျော့နည်းကျဆင်းရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်လျက် ရှိပြီး ပြစ်မှုဖြစ်ပွားမှုတွန်းအားပေးစေသည့် အရက်၊ မူးယစ်ဆေးဝါးအပါအဝင် ကြိုတင်ကာကွယ်မှုများ ကို ထိထိရောက်ရောက်ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်း၊ ဖြစ်ပွားလာတဲ့အမှုများကို သက်သေခံ အထောက်အထားခိုင်လုံစွာဖြင့် ဥပဒေနှင့်အညီ တရားစွဲတင်ဆောင်ရွက်ခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းကို သက်ဆိုင်ရာတရားရုံးများမှဆောင်ရွက်ပြီး ထိရောက်သောပြစ်ဒဏ်ရရှိရေးအတွက် ဥပဒေရုံးများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း တရားရုံးများမှ ချမှတ်တဲ့ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ ပြစ်မှုပြစ်ဒဏ်မျှတမှုမရှိသော အမှုများကိုစိစစ်၍ အဆင့်မြင့်တရားရုံးများသို့ အယူခံမှု၊ ပြင်ဆင်မှုများ တက်ရောက်နိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ အသိပညာပေးလုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်လျက်ရှိ ပါတယ်။

သက်ငယ်မုဒိမ်းမှုများအပါအဝင် မုဒိမ်းမှုများ လျော့နည်းကျဆင်းရေးအတွက် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ဖမ်းဆီးအရေးယူမှုတွင် ပြည့်တန်ဆာမှု ၁၄၁ မှု၊ ယစ်မျိုးမှု ၂၅၄၃ မှု၊ မူးယစ် ဆေးဝါးမှု ၃၃၁၀ မှု၊ ဆင်ဆာမဲ့ဗီဒီယိုဖမ်းဆီးမှု ၅၈ မှုတို့အား ဖမ်းဆီးအရေးယူခဲ့ပြီး ပိုမိုတိုးမြှင့်ဖမ်းဆီး နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် သက်ငယ် မုဒိမ်းမှုဖြစ်စဉ်မှာ မည်သို့မှ လက်ခံနိုင်ဖွယ်မရှိသော လူမဆန်သည့်လုပ်ရပ်ဖြစ်တဲ့အတွက် ဖြစ်စဉ်များ လျော့နည်းပပျောက်ပြီး အနာဂတ်မျိုးဆက်ကလေးများအား ထိရောက်စွာအကာအကွယ်ပေးနိုင်ရေး အတွက် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်လာစေရန် မြို့ရွာနှင့် ကျေးလက်ဒေသများအပါအဝင် လူထုလူတန်းစားအလွှာအသီးသီးအတွင်း ဥပဒေအသိပညာနှင့် မှုခင်းအသိပညာများ ကျယ်ကျယ် ပြန့်ပြန့်သိရှိနိုင်ရေး ပညာပေးဟောပြောမှုများ ဆောင်ရွက်မှုများဆောင်ရွက်ခြင်း၊ ပြစ်မှုဖြစ်ပွားမှုများကို တွန်းအားပေးနေသည့်ကိစ္စရပ်များကို ကြိုတင်ကာကွယ်မှုအနေဖြင့် ထိထိရောက်ရောက်ဖမ်းဆီး အရေးယူဆောင်ရွက်ခြင်း၊ ဖြစ်ပွားရသည့်အကြောင်းအရင်းများအပေါ် သုံးသပ်၍ အစီအမံများ ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဖြစ်ပွားလာသည့်အမှုအပေါ် ခိုင်မာစွာတရားစွဲတင်ပြီး ဥပဒေ နှင့်အညီ ထိရောက်သောပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ပြစ်မှုကျူးလွန်ခြင်းခံရသူကလေးသူငယ် များ၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာစေရေးအတွက် စောင့်ရှောက်မှုပေးနိုင်ရန် သက်ဆိုင်ရာ

ဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုရှေ့နေချုပ်ရုံးက ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပါစေကြောင်း လေးစားစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ ရသေ့တောင် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ကိုယ်စား ဖြည့်စွက်ပြီးတော့ ဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အားနွဲ့သူမိန်းမသားကို အလိုမတူဘဲ အဓမ္မပြုကျင့်တဲ့ အပြုအမူဟာ မြန်မာ့လူ့အဖွဲ့အစည်းက ဘာသာရေးအရရော၊ လူမှုရေးအရပါ လုံးဝလက်မခံတဲ့ အပြုအမူဖြစ်ပါတယ်။ အဆိုရှင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးတင်ပြတဲ့ ငယ်ရွယ်သူ မိန်းကလေးတွေကို အဓမ္မပြုကျင့်တဲ့သက်ငယ်မုဒိမ်းမှုဟာပိုပြီးတော့ စက်ဆုပ်စရာအပြုအမူဖြစ်ပါတယ်။ ဒါကြောင့် သက်ငယ်မုဒိမ်းမှုများဖြစ်ပွားနေခြင်းကို ဟန့်တားဖို့အတွက် အဘက်ဘက်က နည်းမျိုးစုံနဲ့ တားဆီးကာကွယ်ကြရမှာဖြစ်ပါတယ်။ အဲဒီထဲမှာ ဥပဒေကြောင်းအရ ထိရောက်ဟန့်တားလောက်တဲ့ပြစ်ဒဏ်ပေးပြီးတော့ တားဆီးကာကွယ်တဲ့နည်းလမ်းဟာလည်း သင့်မြတ်မှုရှိပါကြောင်း တင်ပြလိုပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ငယ်မုဒိမ်းမှုလို့ဆိုတဲ့နေရာမှာ အင်မတန်နုနယ် ငယ်ရွယ်တဲ့မိန်းကလေးငယ်ကို အရွယ်ရောက်ပြီးယောက်ျားက အဓမ္မပြုကျင့်တဲ့အမှုမျိုးတွေရှိသလို အသက် ၁၆ နှစ်အောက်မိန်းမငယ်နှင့် ယောကျ်ားတစ်ဦးတို့ ကာမဆက်ဆံခြင်းဟာလည်း ဥပဒေကြောင်းအရ မုဒိမ်းမှုမှာအကျုံးဝင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၇၅ ပဉ္စမအပိုဒ်မှာ မိန်းမကခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ အသက် ၁၆ နှစ်အောက်အရွယ်အမျိုးသမီးနှင့် ကာမဆက်ယှက်လျှင် မုဒိမ်းမှုမြောက်ခြင်းကြောင့် ဖြစ်ပါတယ်။ ဒီနေ့အချိန်မှာ လူငယ်လူရွယ် အသက် ၁၅ နှစ်၊ ၁၆ နှစ် အရွယ်တွေမှာ သက်တူရွယ်မျှ လူငယ်သဘာဝ ချစ်ကြိုက်ကြပြီးတော့ စိတ်အလိုလိုက် မိုက်မှားမိကြပြီးတော့ အကြောင်းအမျိုးမျိုးကြောင့် အဆင်မပြေတဲ့အခါမှာ မိန်းမငယ်ရဲ့အသက် ၁၆ နှစ်အောက်ဖြစ်တာကြောင့် မုဒိမ်းမှုအဖြစ် အရေးယူရတဲ့ဖြစ်စဉ်တွေ များစွာရှိပါတယ်။ ဒီတစ်ရပ်ကိုတော့ ထည့်သွင်းပြီးတော့ စဉ်းစားရမှာဖြစ်ပါတယ်။ ဒါကြောင့် သက်ငယ်မုဒိမ်းမှုမှန်သမျှ သေဒဏ်ချမှတ်ရမယ်ဆိုတဲ့ အတိအကျပြဋ္ဌာန်းပြီး ပြစ်ဒဏ်ပေးမယ်ဆိုလျှင် သင့်မြတ်မှုရှိ/မရှိ၊ တရားမျှတမှုရှိ/မရှိ စဉ်းစားဖို့လိုအပ်ပါတယ်လို့ တင်ပြလိုပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်မှာဆွေးနွေးဆဲဖြစ်တဲ့ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေအရ ကလေးသူငယ်ဆိုတဲ့အသက်က အသက် ၁၈ နှစ်မပြည့်သေးသူလို့ ပြင်ဖို့ အလားအလာရှိပါတယ်။ အဲဒီဥပဒေအတည်ပြုမယ်ဆိုလို့ရှိလျှင် ကလေးသူငယ်ရဲ့အသက်က ၁၈ နှစ်မပြည့်သေးသူလို့ ဖြစ်သွားမှာဖြစ်ပါတယ်။ အဲဒီအခါမှာ ၁၈ နှစ်အောက်မိန်းကလေးနဲ့ ကာမ

ဆက်ယှက်မှုရှိတယ်ဆိုလျှင် မိန်းကလေးက သဘောတူစေကာမူ မုဒိမ်းမှုအဖြစ် သတ်မှတ်ဖွယ်ရာရှိတာကြောင့် သက်ငယ်မုဒိမ်းမှုမှန်သမျှ သေဒဏ်ချမှတ်ရမယ်ဆိုတဲ့ခြွင်းချက်မရှိ အကြံပြုချက်ဖြစ်သည်။ တရားမျှတမှုရှိ/မရှိ အလေးအနက်ထားပြီးတော့ စဉ်းစားရမယ့်အချက်ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ငယ်မုဒိမ်းမှုလို့သတ်မှတ်တဲ့နေရာမှာ သေဒဏ်ချမှတ်ရန်နှင့်စပ်လျဉ်းပြီးတော့ သီးသန့်ဥပဒေတစ်ရပ်၊ အထူးဥပဒေတစ်ရပ် ပြဋ္ဌာန်းခြင်းထက် ဒီကနေ့လွှတ်တော်မှာဆွေးနွေးလျက်ရှိတဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ မကြာမီမှာ သက်ဆိုင်ရာဝန်ကြီးဌာနက ရေးဆွဲတင်ပြမယ့် အမျိုးသမီးများအပေါ် အကြမ်းဖက်တားဆီးကာကွယ်ရေးဥပဒေကြမ်းတွေမှာ ဆီလျော်သလို ဆွေးနွေးခြင်းအားဖြင့် သက်ငယ်မုဒိမ်းမှုမှာ ပြစ်ဒဏ်ဘယ်လောက်ချမှတ်သင့်တာကို စဉ်းစားရမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ယနေ့အခြေအနေမှာ သေဒဏ်ကိုကျင့်သုံးခြင်းမရှိသောနိုင်ငံဖြစ်ပါတယ်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် ၃ အရဆိုလျှင် လူတိုင်းမှာအသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်ရှိတယ်ဆိုတဲ့အချက်ကို အကြောင်းပြုပြီးတော့ သေဒဏ်ပယ်ဖျက်ဖို့ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဒီကနေ့ တောင်းဆိုနေကြပါတယ်။ နိုင်ငံအသီးသီးမှာလည်း သေဒဏ်ကျင့်သုံးမှုကို ပြန်လည်ပြီးတော့ သုံးသပ်ခြင်းများရှိနေပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ သေဒဏ်ချမှတ်နိုင်တဲ့ပြစ်မှုတွေက တရားရုံးကသေဒဏ်အမိန့်ချမှတ်သော်ငြားလည်းပဲ လက်တွေ့အားဖြင့် သေဒဏ်ကို ကျင့်သုံးခြင်းမရှိတာကြောင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့ သေဒဏ်ချမှတ်ရမယ်ဆိုတဲ့အချက်က အလေးအနက်စဉ်းစားဖို့ ကျွန်တော်တင်ပြလိုပါတယ်။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ငယ်မုဒိမ်းမှုဆိုတဲ့ဝေါဟာရမှာ အမျိုးမျိုးသောဖြစ်စဉ်များ အကျုံးဝင်နေတာဖြစ်တာကြောင့် သက်ငယ်မုဒိမ်းမှုမှန်သမျှ သေဒဏ်ချမှတ်ရမယ်ဆိုတဲ့ ခြွင်းချက်မရှိပြဋ္ဌာန်းချက်ကသင့်/မသင့် အထူးဥပဒေတစ်ရပ်ပြဋ္ဌာန်းခြင်းထက် သက်ဆိုင်ရာဆီလျော်တဲ့ဥပဒေမှာ ထည့်သွင်းပြီးတော့ ပြဋ္ဌာန်းရန်သင့်/မသင့် စဉ်းစားသင့်ပါတယ်။ ထို့အပြင် သက်ဆိုင်ရာလွှတ်တော်မှာလည်းပဲ ဥပဒေကြမ်းများကို ဆွေးနွေးဆဲအခြေအနေ၊ ဆွေးနွေးမယ့်အခြေအနေဖြစ်တာကြောင့်လည်းကောင်း မြန်မာနိုင်ငံမှာသေဒဏ်ကို လက်တွေ့ကျင့်သုံးခြင်းမရှိတဲ့အခြေအနေကိုလည်းကောင်း ထောက်ရှုပြီးတော့၊ ရှုထောင့်အသီးသီးကနေပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးဖို့ လိုပြီဖြစ်တာကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးဒေါ်ခင်စောဝေတင်သွင်းတဲ့အဆိုကို မှတ်တမ်းတင်သင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မရဲ့အဆိုကို ဆွေးနွေးပေးသွားပါတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လေးဦးကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ ယခုလို စုံစုံလင်လင်နဲ့လာရောက်ဖြေဆိုသွားပါတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကိုလည်း ကျွန်မအနေနဲ့ အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်ရှင့်။ လွှတ်တော်ထဲမှာတက်လာတာနဲ့ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူများရဲ့လိုအပ်ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဆိုတဲ့ဆောင်ပုဒ်လေးကို တွေ့ကြပါလိမ့်မယ်။ အဲဒီတော့ ကျွန်မတို့သည် ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်ကြပါတယ်။ အခု အပြင်မှာ၊ လွှတ်တော်ရဲ့ပြင်ပမှာ သက်ငယ်မုဒိမ်းမှုတွေကို

သေဒဏ်ပေးရေးအဆိုတွေ ပြင်းပြင်းထန်ထန်တောင်းဆိုနေတာတွေကိုလည်း ကျွန်မတို့အကုန်လုံး ကြားသိပြီးဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ပြည်သူတွေရဲ့အသံတွေကို အလေးထားဖို့တော့ ကျွန်မတို့ အနေနဲ့လိုအပ်တယ်လို့ ပထမပြောကြားလိုပါတယ်ရှင်။ နောက်တစ်ခါ သက်ငယ်မုဒိမ်းမှုသည် ၂၀၁၆ ခုနှစ်က ၆၁ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်ကလည်း ၆၄ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်က ၆၈ ရာခိုင်နှုန်း ဒီလိုပဲ တဖြည်းဖြည်းနဲ့တက်လာနေတဲ့ အမှုပေါင်းတွေကို အခုလက်ရှိတရားဥပဒေက ဖြေရှင်းနေတဲ့ပြစ်မှုတွေ နဲ့ မလုံလောက်ဘူးလို့ ကျွန်မအနေနဲ့တော့ ပြောလိုပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်မတို့ ဘယ်လို အဖြေရှာကြမလဲဆိုတာကိုလည်း စဉ်းစားစေချင်ပါတယ်။ ၂၀၁၈ ခုနှစ်၊ မေလ ၂၄ ရက်နေ့က ကျင်းပ ခဲ့တဲ့ ကချင်ပြည်နယ်လွှတ်တော်အစည်းအဝေးမှာလည်း သက်ငယ်မုဒိမ်းကျူးလွန်သူများကို သေဒဏ် ပေးရေးအဆိုကလည်း အောင်မြင်ခဲ့ပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်မတို့သည် အမြင့်ဆုံးလွှတ်တော် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်သည် အမြင့်ဆုံးလွှတ်တော်ပါ။ ကျွန်မတို့သည် ပြည်သူ့ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ပြည်သူ့ကိုယ်စားလှယ်တွေအနေနဲ့ ဒီပြစ်မှုကိုတော့၊ ကျွန်မအနေနဲ့တော့ အတည်ပြုဖို့တော့ တောင်းဆိုလိုပါတယ်။ နောက်တစ်ခါ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေသွားပါတယ်။ ပြောဆိုသွား တာရှိပါတယ်။ ကျွန်မရဲ့အဆိုဟာ ပြည်သူ့အစိုးရနဲ့ထပ်တူကျနေပါတယ်တဲ့။ ဘာလို့ဆို သူတို့လည်း ဒီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဥပဒေတွေရှိလို့နေပါတယ် ဆိုတာပြောပါတယ်။ အဲဒါကြောင့် ကျွန်မရဲ့အဆိုသာ သူတို့အစိုးရနဲ့ထပ်တူကျနေတယ်ဆိုလို့ရှိလျှင် ကျွန်မရဲ့အဆိုကို အတည်ပြုသင့်တယ်လို့ ကျွန်မအနေနဲ့ ပြောကြားလိုပါတယ်ရှင့်။ အဲဒီအတွက်ကြောင့် ကျွန်မတို့မြန်မာနိုင်ငံမှာ ရာဇသတ်ကြီးပုဒ်မ ၃၇၆၊ ၃၀၁ ပုဒ်မခွဲ(ဂ)နဲ့ လုံလောက်မှုမရှိတဲ့အတွက် ကျွန်မ အနေနဲ့တော့ ဒီအဆိုကို အတည်ပြုသင့်ပါတယ်လို့ အတည်ပြုဖို့တောင်းဆိုအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်လေးဦးက ဆွေးနွေးပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့က မှတ်တမ်းတင်သင့်ကြောင်း ဆွေးနွေးသွားပါတယ်။ ထို့အတူပဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တော့ ပြဋ္ဌာန်းထားတဲ့ဥပဒေများနှင့်အညီ စီရင်ဆုံးဖြတ်သွားမှာဖြစ်ကြောင်းပဲ ပြောကြားသွားပါတယ်။ တစ်ဆက်တည်း ပြည်ထဲရေးဝန်ကြီးဌာနကတော့ မည်သို့မျှသဘောထားမှတ်ချက်မပေးကြောင်း တွေ့ရှိ ရပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ခင်စောဝေ တင်သွင်းသွားတဲ့အဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်ပေါ်မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံမဲများလျှင် အဆိုရှင်ရဲ့ အတည်ပြုရန်တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ မှတ်တမ်းတင်သင့်ကြောင်း တင်ပြချက်က အတည်ဖြစ်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါ တယ်။ ဆန္ဒမဲပေးနိုင်ပါပြီ။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကိုကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲ ၁၄၁ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၂၂၇ မဲနဲ့ ကြားနေဆန္ဒမဲ လေးမဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဒေါ်ခင်စောဝေ တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၉ ရက်(အင်္ဂါနေ့) နေ့လယ် ၁ နာရီအချိန်မှာဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂:၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၂:၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ (၁၈.၆.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




Daw Nan Moe | Dr Myo Thein Gyi




Dr Myo Thein Gyi | U Pike Ko




Dr Myo Thein Gyi | U Maung Myint




U Tin Nu | Dr Myo Thein Gyi




U Ye Lwin | Dr Myo Thein Gyi




Dr Myo Thein Gyi | U Sai Sang Maing

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်